# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌာဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကဝင်(ဓမ္မပဒ – ၂၁၈)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အနွေးစောင်များ ပေးအပ်စဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## ဆီသယ်ယာဉ်များ Online ဖြင့် မှောထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ဆီသယ်ယာဉ်များ Online ဖြင့် မှောထုတ်ယူနိုင်အောင် ဆောင်ရွက်ပေးခြင်းသည် လုပ်ငန်းရှင်များအတွက် ပိုမိုအဆင်ပြေကြောင်း လုပ်ငန်းရှင်များထံက သိရသည်။

ဆီသယ်ယာဉ်များအတွက် လူကိုယ်တိုင် မှောထုတ်ယူရသည့်စနစ်မှ Online ဖြင့် မှောထုတ်ယူနိုင်သည့်အဆင့်သို့ အသုံးပြုသွားနိုင်ရေးနှင့် Software စနစ် တပ်ဆင်အသုံးပြု၍ စက်သုံးဆီဝယ်ယူသုံးစွဲမှုအခြေအနေကို ကြီးကြပ်စောင့်ကြည့်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် *စာမျက်နှာ ၃ ကော်လံ ၁* ✪


ယနေ့ *ဖတ် စ ရာ*

ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ဆောင်းပါး စာ ၆

မေတ္တာလွှမ်းသော မိသားစုထမင်းဝိုင်း ဆောင်းပါး စာ ၁၆





မြန်မာ့အလင်း

# ဂုဏ်ယူဝမ်းမြောက်စွာပေးဆောင်

မြန်မာ – ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လွန်ခဲ့သည့်ရက်သတ္တပတ်ကျော်ကာလအတွင်း ထိုင်းနိုင်ငံသို့သွားရောက်ခဲ့စဉ် ထိုင်းရောက်မြန်မာအလုပ်သမားများနှင့် တွေ့ဆုံမှုများလည်း ပြုလုပ်ခဲ့သည်။ ထိုသို့တွေ့ဆုံမှုများတွင်အလုပ်သမားများ၏ဥပဒေပါရပိုင်ခွင့်များ ပြည့်ပြည့်ဝဝရရှိရေး၊ လုပ်ငန်းခွင်အခက်အခဲပြဿနာများဖြစ်ပေါ်ပါက အကူအညီရရှိရေး၊ မြန်မာအလုပ်သမားများရရှိသည့်လစာ၏ ၂၅ ရာခိုင်နှုန်းကို ၎င်းတို့၏မိသားစုထံ တရားဝင်လမ်းကြောင်းမှ အလွယ်တကူစနစ်ဖြင့် လွှဲပို့နိုင်ရေးတို့အပြင် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ပေးဆောင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် ပြည်ပအလုပ်သမားများတွင် မြန်မာအလုပ်သမားများက အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် အများစုက ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်နေကြခြင်းဖြစ်သည်။ ယင်းသို့သွားရောက်ကြရာတွင် တရားဝင်လမ်းကြောင်းမှရော၊ တရားမဝင်နည်းလမ်းများနှင့်ရော သွားရောက်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး အရေအတွက်ကိန်းဂဏန်းများစွာ ကွာခြားကြောင်း သတင်းများတွင် တွေ့ရသည်။ ထိုင်းတွင် မြန်မာအလုပ်သမား သန်းနှင့်ချီ၍ သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်နှင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့်အရေအတွက်မှာလည်း အမြောက်အမြားရှိနေသည်။ မြန်မာနိုင်ငံကဲ့သို့ပင် ပြည်ပသို့အလုပ်သမားတင်ပို့သည့်နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသည့်ဒေသတွင်းနိုင်ငံများမှာ ၎င်းတို့၏နိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်လွှဲပို့သည့်ငွေများမှာ ၎င်းနိုင်ငံများအတွက် ပမာဏကြီးမားစွာဖြင့် အကျိုးပြုကြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံသားများ သွားရောက်အလုပ်လုပ်ကိုင်ကြရာတွင် ယခင်က ပြည်တွင်းရှိ မိသားစုများထံသို့ ငွေလွှဲပို့ကြသည့်အခါ ဟွန်ဒီခေါ်တရားမဝင်လမ်းကြောင်းမှ လွှဲပို့ကြခြင်းဖြစ်ပြီး ယခုအခါတရားလည်းဝင် လွယ်လည်းလွယ်ကူသည့်နည်းလမ်းကိုဖော်ဆောင်ပေးထားပြီးဖြစ်သည်။ ထို့အပြင် မြန်မာ–ထိုင်းနှစ်နိုင်ငံ ပူးပေါင်း၍ အလုပ်သမားအရေး ပူးပေါင်းဆောင်ရွက်မှုများအရ ရေရှည်တွင်တရားမဝင်နည်းဖြင့် ထိုင်းနိုင်ငံအတွင်း နေထိုင်လုပ်ကိုင်ရန် ခက်သည်ထက် ခက်ခဲလာမည်ဖြစ်ရာ ဥပဒေနှင့်အညီ တရားဝင်အလုပ်လုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်သည်။ တရားဝင်အလုပ်လုပ်ကိုင်ကြသူများမှာ ဥပဒေပါအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ကြမည်ဖြစ်သည့်အပြင် ဥပဒေ၏အကာအကွယ်အောက်တွင် လုံခြုံစိတ်ချစွာ အလုပ်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ထိခိုက်နစ်နာမှုနှင့် အခက်အခဲပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ကြုံတွေ့ပါကလည်း တရားဝင်အလုပ်သမားတစ်ယောက်အနေဖြင့် အလွယ်တကူဖြေရှင်းနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့်မြန်မာအလုပ်သမားများ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းစည်းကြပ်မှုအပေါ် ပြည်ပမီဒီယာအချို့နှင့် တရားမဝင်အဖွဲ့အစည်းအချို့က သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်ပေးဆောင်ခြင်း၊ မိခင်နိုင်ငံများတွင် ကျန်ရှိနေသည့်မိသားစုများထံ တရားဝင်လမ်းကြောင်းများမှ ငွေလွှဲပို့ခြင်းတို့မှာ နိုင်ငံသားတစ်ဦး၏တာဝန်၊ မိသားစုဝင်တစ်ဦး၏ တာဝန်ပင်ဖြစ်ပြီး မိသားစု၏အကျိုး၊ နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် ဂုဏ်ယူဝမ်းမြောက်စွာဆောင်ရွက်ကြရမည်သာဖြစ်သည်။

ပြည်ပနိုင်ငံအသီးသီးသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားတိုင်း မိခင်နိုင်ငံ၏ဥပဒေ၊ ရောက်ရှိအလုပ်လုပ်ကိုင်နေသည့်နိုင်ငံ၏ ဥပဒေများနှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြခြင်းအားဖြင့် တရားဥပဒေ၏စောင့်ရှောက်မှုအောက်တွင် စိတ်အေးချမ်းသာလုံခြုံမှုကို ရရှိနိုင်ကြမည်ဖြစ်ပြီး မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုကို နားမယောင်မိကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) (၂၉)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ၁၃၈၂–၁၃၈၃ ပညာသင်နှစ်တွင် သာသနတက္ကသီလ ဓမ္မပါရဂူဘွဲ့ Ph.D တစ်ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၁၀ ပါးနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ B.A ၂၈ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၃၉ ပါးတို့အား ဘွဲ့ဆက်ကပ်မည့် (၂၉)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၅ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်ပါသည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်း မရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီ ကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူ အပါအဝင် ပင့်သံဃာတော် ၄၉ ပါး၊ ဘွဲ့ခံသံဃာတော် ၃၉ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဌာနခွဲ (ဖုန်း ၀၉–၂၅၀၀၈၇၅၅၄၊ ၀၉–၂၅၉၆၂၈၁၆၄၊ ၀၉–၂၅၅၉၅၃၁၇၅)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ဦးသစ်လင်းအုန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်း အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မကွေးတက္ကသိုလ်၊ မကွေးပညာရေးဒီဂရီကောလိပ်နှင့် ကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဥပမိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ကိစ္စရပ်များကို ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကာ ပညာကိုကြိုးစားသင်ယူရင်း မိမိအနာဂတ်ဘဝ အောင်မြင်မှုအတွက် အတွေ့အကြုံကောင်းများ၊ အပေါင်းအသင်းကောင်းများ ရှာဖွေရယူကြရန် တိုက်တွန်းပြောကြားပြီး ဘာသာရပ်ဌာနများတွင် ပါမောက္ခများ၊ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို အားပေးလေ့ကျင့်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး စုဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ မျိုးဆက်သစ် လူငယ်များကို ထုဆစ်ပုံဖော်မည့် ဆရာ ဆရာမလောင်းဗိသုကာများဖြစ်ကြသဖြင့် စံနမူနာပြဖြစ်ရေး၊ ဆင်ခြင်တုံတရားရှိပြီး ဉာဏ်ပညာထက်မြက်အောင် စာများများဖတ်ရှုလေ့လာရေး မှာကြားကာ ဆရာ ဆရာမများ၏ တင်ပြချက်များကို ဆွေးနွေးဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ လေ့ကျင့်ရေး အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



* *ကျောဖုံးမှ*

ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် တာဂျစ်ကစ္စတန်၊ အိန္ဒိယ၊ ပါလက်စတိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် နောက်ပိုင်း ပြန်လည်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

❒ *ရှေ့ဖုံးမှ*

ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား သွားရောက် ကြည့်ရှုဂုဏ်ပြုအားပေးစကား ပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများ၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှု မေးမြန်းအားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အနွေးစောင်များ ပေးအပ်သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

**တွေ့ဆုံနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ရှိနယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင် ရောက်ရှိနေသည့် ရဲမေများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်လိုက်သည့် အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင် ရောက်ရှိနေသည့် ရဲမေများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား လိုက်လံကြည့်ရှု မေးမြန်းအားပေးစကားပြောကြားစဉ်။

## ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ဆက်လက်ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၆

National Fitness ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် ကွင်းအမှတ်(၃)တို့၌ ကျင်းပခဲ့သည်။

ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ(အမျိုးသမီး)ဘောလုံး ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(ဓါတ်ပုံ)**

ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံး (အမျိုးသမီး)ပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၇ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက မှာကြား လမ်းညွှန်ထားသည်။

“ Online နဲ့ ပိုအဆင်ပြေတာ၊ လူကိုယ်တိုင်က ကုန်ကျစရိတ်များတာပေါ့။ Online က ချက်ချင်းအဖြေရတော့ ချက်ချင်းဆုံးဖြတ်နိုင်တယ်။ လူကိုယ်တိုင်ကျတော့ အချိန်လည်းပေးရတယ်၊ ကုန်ကျစရိတ်အနည်း၊ အများရှိတော့ online စနစ်က ပိုအဆင်ပြေတယ်”ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ဝင်းက ၎င်း၏အမြင်ကို ရှင်းပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းရှိ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း ဆောင်ရွက်နေသော စက်သုံးဆီ သိုလှောင်စခန်းများ၌ ဆီသယ်ယာဉ်များဖြင့် စက်သုံးဆီဖြန့်ဖြူးပေးပို့ရန် မျှောစနစ်ဖြင့် ဆောင်ရွက်နေကြောင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် အများပြည်သူသို့ ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် အရည်အသွေးနှင့် အချိန်အတွယ်ပြည့်မီစွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်က မှာကြားပြောဆိုမှုများလည်း ရှိသည်။

“Online နဲ့ ပိုအဆင်ပြေတာပေါ့၊ လူကိုယ်တိုင်က ကုန်ကျစရိတ်များတယ်”ဟု ကုန်သည်တစ်ဦးက Onlineဖြင့် မျှောထုတ်ယူနိုင်သည့်အဆင့်သို့ အသုံးပြုသွားနိုင်သည့် ကိစ္စနှင့်ပတ်သက်၍ ပြောကြားသည်။

**သစ်တော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ခွန်စံလွင်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန် ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား ၃၈၀၀ ကျော် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။



၂၀၂၃ ခုနှစ် ဒီဇင်ဘာ တတိယပတ် လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင် ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ် (၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ် လမ်းကြောင်းများအတိုင်း ဂိတ်(A)ရှေ့အထိ ပျော်ပျော်ပါးပါးလမ်းလျှောက် ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ကြကာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိ သူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ်ကို ဒီဇင်ဘာ ၂၃ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ရခိုင်ပြည်နယ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

**စစ်တွေ ဒီဇင်ဘာ ၁၆**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူထုစုပေါင်း လမ်းလျှောက်ပွဲများ၊ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့် ခန်းများ၊ အားကစားပြိုင်ပွဲများ၊ Physical Fitness Dance များ စုပေါင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရခိုင် ပြည်နယ်၏ ဒီဇင်ဘာလ လူထု အားကစားလှုပ်ရှားမှု စုပေါင်း လမ်း လျှောက်ပွဲကို စစ်တွေမြို့ ဉဩဝတီ အားကစားကွင်း၌ ကျင်းပသည်။




စုပေါင်းလမ်းလျှောက်ပွဲသို့နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့ အစည်းများ စုစုပေါင်းအင်အား ၆၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

စုပေါင်း လမ်းလျှောက်ပွဲကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ် ပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်း များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန် ရှိသူများနှင့်အတူ စုပေါင်း လမ်းလျှောက်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကာ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့် ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

စစ်တွေမြို့တွင် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှုအဖြစ် အပတ်စဉ် စနေနေ့တိုင်း စုပေါင်း လမ်းလျှောက်ပွဲနှင့် အားကစား လှုပ်ရှားမှုများကို ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ပြောင်းများကိုတင်ပို့ရန် ထိုင်း၊ တရုတ်၊ ဗီယက်နမ်မှ ကုမ္ပဏီ ခုနစ်ခုနှင့် MoU ရေးထိုးထားပြီး ၂၀၂၄ ခုနှစ် ဧပြီလမတိုင်ခင် တန်ချိန် ခုနစ်သိန်းတင်ပို့ရန် မျှော်မှန်းထားဟုဆို

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာ့ပြောင်းများကို တင်ပို့နိုင်ရန် ထိုင်း၊ တရုတ်၊ ဗီယက်နမ်မှ ကုမ္ပဏီ ခုနစ်ခုနှင့် MoU ရေးထိုးထားပြီး ၂၀၂၄ ခုနှစ် ဧပြီလ မတိုင်ခင် တန်ချိန် ခုနစ်သိန်းတင်ပို့ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း (MICA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

MICA နှင့် ထိုင်းနိုင်ငံမှ ကုမ္ပဏီသုံးခု၊ တရုတ်နိုင်ငံမှ ကုမ္ပဏီ နှစ်ခု၊ ဗီယက်နမ် နိုင်ငံမှ ကုမ္ပဏီ နှစ်ခုနှင့် ပြောင်း ဝယ်ယူရောင်းချမှုဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU)ကို ဒီဇင်ဘာ ၁၂ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ရေးထိုးခဲ့ကြောင်း သိရသည်။

"နိုင်ငံသုံးနိုင်ငံက ကုမ္ပဏီ ခုနစ်ခုနဲ့ MoU ရေးထိုးထားတယ်။ ဧပြီလမတိုင် ခင်မှာတော့ တန်ချိန် ခုနစ်သိန်း တင်ပို့ဖို့ မျှော်မှန်းထားတယ်" ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်အသင်းက တာဝန်ရှိ သူက ပြောသည်။

လက်ရှိဈေးကွက်အတွင်း ပြောင်း ဈေးနှုန်းမှာလည်း ဈေးကောင်းရရှိနေ ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက နှစ်သန်းကျော်ရှိပြီး ပြောင်းတန်ချိန် ၃ ဒသမ ၂ သန်း ထွက်ရှိကာ ပြည်တွင်း စားသုံးမှု ဧက တစ်သန်းကျော်ရှိပြီး ပြည်ပသို့ တန်ချိန်နှစ်သန်းကျော် တင်ပို့ လျက်ရှိကြောင်း မြန်မာနိုင်ငံ ပြောင်း လုပ်ငန်းရှင်များအသင်းမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာလ ဆန်းအထိ မြန်မာနိုင်ငံ၏ ပြည်ပ ကုန်သွယ်မှုစာရင်းအရ မတ်ပဲ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲနှင့် ကြက်သွန်နီ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချင်းခြောက်၊ ဝဥ၊ ကြက်ဆူစေ့၊ ကော်ဖီစေ့၊ သီဟိုစေ့၊ ဝါ၊ ပီလောပီနံ၊ ဖရဲ၊ သခွား၊ သရက်၊ တစ်သျှူးငှက်ပျော လယ်ယာထွက်ကုန် များ စုံလင်စွာတင်ပို့နိုင်သကဲ့သို့ ရေထွက် ပစ္စည်းကဏ္ဍမှ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ငါးလေးခြောက်၊ ငါးခြောက်များ တင်ပို့လျက်ရှိပြီး ပို့ကုန်အမေရိကန် ဒေါ်လာ ၁၀ သန်းနီးပါးအထိ တင်ပို့ပြီး ဖြစ်ကြောင်းလည်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများတွင် ဖော်ပြသည်။ **MT**



မွန်ပြည်နယ်၌ ဒီဇင်ဘာလတတိယပတ် လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသားဖွားသင်တန်းကျောင်း၊ အားကစားနှင့် ကာယ သိပ္ပံလေ့ကျင့်ရေးကျောင်း (မော်လမြိုင်) နှင့် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူအင်အား ၁၃၀၀ ကျော် စည်ကား သိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြစဉ်။ သက်နိုင်(မော်လမြိုင်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရော၀တီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

## မြန်အောင်ခရိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးထုတ်ကုန်ပြပွဲ တက်ရောက်ကြည့်ရှုအားပေး

**ပုသိမ် ဒီဇင်ဘာ ၁၆**

ရော၀တီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယနေ့နံနက်ပိုင်းတွင် ဒီဇင်ဘာလူထုလှုပ်ရှားအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က သေနတ်ပစ်ဖောက်၍ စုပေါင်းလမ်းလျှောက်ပွဲကို ဖွင့်လှစ်ပေးပြီး ရွှေရုပ်တုအဝိုင်းရှေ့မှ စတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြ၍ ကိုးသိန်းအားကစားကွင်းသို့ ရောက်ရှိကာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness Dance များ အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဒီဇင်ဘာလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၅၀၀၀ ခန့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။



ခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် အရှိုချင်းရိုးရာ ကောက်သစ်စားပွဲတော် မိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံ၊ မိမိဒေသ၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမွေအနှစ်များ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ချင်းတိုင်းရင်းသူများ၏ တေးသီချင်းများ၊ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် အရှိုချင်းရိုးရာကောက်သစ်စားပွဲတော်မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဒေသခံ ချင်းတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။




ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် သောကြာဒူးကျေးရွာ၌ တောင်သူ ဦးဇော်ခိုင်၏ စိုက်ဧက ၀ ဒသမ ၅၀ ဧကတွင် ဆင်းရွှေကြာ-၂ ဆောင်းနေကြာ စိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးအေးထွန်း၏ စိုက်ဧက ၀ ဒသမ ၅၀ ဧက ဆင်းရွှေကြာ-၂ မိုးနေကြာ စိုက်ခင်းနှင့် တောင်သူ ဦးကြည်ညွန့်၏ စိုက်ဧက ၁ ဒသမ ၅၀ ဧက၌ ဆင်းရွှေကြာ-၂ မိုးနေကြာစိုက်ခင်းတို့၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးပြီး ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေးနှင့် စနစ်တကျရိတ်သိမ်းရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မြန်အောင်ခရိုင်ရှိ ဒေသခံပြည်သူများနှင့် မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးစပါး/နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး အမှာစကားပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် နိုင်ငံ့စီးပွားမြင့်တင်ရေး နွေစပါးစီမံကိန်းသွင်းအားစုများကို မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ တောင်သူများအား ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြန်အောင်မြို့နယ်၌ မီးလင်းရေးလုပ်ငန်းအတွက် ကျေးရွာအုပ်စုများသို့ ဆိုလာမီးများ ထောက်ပံ့ပေးအပ်ရာ ညောင်ဝိုင်းကျေးရွာအုပ်စုမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး မြန်အောင်မြို့နယ်မှ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မြန်အောင်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသော မြန်အောင်ခရိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSMEs) ထုတ်ကုန်ပြပွဲ၌ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များ၏ ဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု၍ **(အောက်ပုံ)** ဒေသထွက်ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးမှာကြားခဲ့သည်။ **သတင်းစဉ်**

### ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကိုးသိန်းမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒုတိယဆုရရှိသည့်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသည့်အသင်းအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် မြန်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် မိမိဒေသအတွင်းရှိ ပြည်သူလူထုသာမက နိုင်ငံသားတိုင်း အားလုံးတာဝန်ရှိပါကြောင်း၊ ထိုတာဝန်ကို တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ တိုင်းဒေသကြီး၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထာဝစဉ်သယ်ပိုးနိုင်ပါစေကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရော၀တီတိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ဆုတောင်းမေတ္တာပို့သကာ အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။



# ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်

ပြည်သာကျော်

### တီမောပြည်သူတွေအတွက် အရှက်ရစရာ

ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၉ ရက်နေ့က တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာဟာမြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း စွက်ဖက်ပြောကြားထားတဲ့ ဗီဒီယိုဖိုင်ကို တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အကြီးအကဲလုပ်သူတစ်ယောက်က သံတမန်ကျင့်ဝတ်နဲ့မညီ၊ နိုင်ငံတကာ အခြေခံမူတွေကို ချိုးဖောက်ပြီး အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်တာဟာ တီမောပြည်သူတွေအတွက် အလွန်အရှက်ရစရာပါ။

နိုင်ငံအကြီးအကဲတစ်ယောက် ဖြစ်ပါလျက် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူတွေကို ဖောက်ဖျက်ပြီး အခြားနိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခဲ့ပါတယ်။ တီမောနိုင်ငံရေးလှုပ်ရှားသူတစ်ဦးဖြစ်ခဲ့တဲ့ ဟိုဆေးရာမို့စ်ဟော်တာအနေနဲ့ မြန်မာ့ပြည်တွင်းရေးကို ကျင့်ဝတ်သိက္ခာမဲ့စွာ ပြောင်ပြောင်တင်းတင်း စွက်ဖက်လာတဲ့လုပ်ရပ်ဟာ နှစ်နိုင်ငံ ဆက်ဆံရေးကို ထိခိုက်စေပါတယ်။ သူ့ရဲ့ပြောဆိုမှုဟာ ပုဂ္ဂိုလ်ရေးဆန်ပြီး အဲဒီလိုပြောဆိုတာကြောင့် တီမောနိုင်ငံရဲ့ ဂုဏ်သိက္ခာကို ထိပါးစေပါတယ်။

ဟိုဆေးရာမို့စ်ဟော်တာပြောတဲ့ စကားတွေကို နားထောင်ကြည့်ရင် အပြုသဘောမဆောင်ဘဲ မြန်မာ့ပြည်တွင်းရေးကို ပိုမိုဆိုးရွားအောင် သွေးထိုးပေးနေတာကို တွေ့ရပါတယ်။ ငြိမ်းချမ်းရေးကို လိုလားသူ၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ပူးတွဲရရှိထားသူတစ်ယောက်ရဲ့ ပြောစကားတွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကိုစွက်ဖက်ရုံတင်မကဘဲ ပဋိပက္ခတွေ ပိုမိုဆိုးရွားအောင် ပြောနေတာဟာ သမ္မတအဆင့်နဲ့ စာရင် နိမ့်ကျလွန်းပါတယ်။ သူ့အနေနဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ လွတ်လပ်ပိုင်ခွင့်၊ တန်းတူညီမျှမှု၊ ဝင်ရောက်မစွက်ဖက်မှုဆိုတဲ့ နိုင်ငံတကာ စံနှုန်းတွေနဲ့ မယဉ်ပါးသလိုပါပဲ။ သံတမန်တို့ တတ်အပ်တဲ့ အဋ္ဌာရသ ကျွမ်းကျင်မှုတွေကိုလည်း မတွေ့ရပါဘူး။ သူဟာ တီမောနိုင်ငံသမ္မတဆိုတာကိုမေ့နေပြီး အချုပ်အခြာအာဏာပိုင်တဲ့ အခြားနိုင်ငံက ပြည်သူတွေအပေါ် စွက်ဖက်ဖို့ ကြိုးစားနေတာနဲ့အခြားနိုင်ငံရဲ့ တပ်မတော် တစ်ရပ်ကို သွေးခွဲပေးနေတာဟာ လွန်စွာအံ့ဩစရာပါပဲ။ တီမောနိုင်ငံရဲ့ သမ္မတဟာ စစ်ဦးစီးချုပ်လည်း ဖြစ်တာမို့ ရာမို့စ်ဟော်တာအနေနဲ့ သူ့နိုင်ငံရဲ့ တပ်မတော်အပေါ် ဘယ်လိုသဘောထားမလဲဆိုတာ စိတ်ဝင်စားစရာပါ။

### ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေ

ဟိုဆေးရာမို့စ်ဟော်တာဟာ ၂၀၂၂ ခုနှစ် မေလကမှ သမ္မတအဖြစ် ဒုတိယအကြိမ် ရွေးကောက်ခံထားရတာပါ။ သူဟာ ၂၀၀၇-၂၀၁၂ က သမ္မတအဖြစ် ပထမအကြိမ်ရွေးချယ်ခံခဲ့ရပြီး ၂၀၀၈ ခုနှစ်မှာ လုပ်ကြံသတ်ဖြတ်တာကို ခံခဲ့ရပါသေးတယ်။ သူဟာ ၂၀၀၉ ခုနှစ်ကလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဝေဖန်ပြောကြားခဲ့ဖူးပါတယ်။ အဲဒီအချိန်ကလည်း မြန်မာအစိုးရကို ဆန့်ကျင်တော်လှန်နေတဲ့သူတွေကို တီမောမှာ တရားဝင်ရုံးခန်းဖွင့်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒ့ါအပြင် ယူကရိန်းကို ခေတ်မီစစ်လက်နက်ပစ္စည်းတွေ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ဖောဖောသီသီ ကူညီပေးနေပေမယ့် မြန်မာပြည်သူတွေနဲ့ပတ်သက်လို့ နိုင်ငံတကာက တိတ်ဆိတ်နေခြင်းကို ရာမို့စ်ဟော်တာက ပြီးခဲ့တဲ့ စက်တင်ဘာလက ကုလသမဂ္ဂမှာ မိန့်ခွန်းပြောကြားစဉ် ဝေဖန်ခဲ့ပါတယ်။

သူ့ရဲ့ ဒုတိယအကြိမ် သမ္မတအဖြစ် ကျမ်းကျိန်ပွဲကိုလည်း မြန်မာနိုင်ငံက အကြမ်းဖက်အဖွဲ့လို့ သတ်မှတ်ထားသူတွေကို ဖိတ်ကြားခဲ့လို့မြန်မာနိုင်ငံက တီမောသံရုံးရဲ့ သံရုံးတာဝန်ခံကို ဆင့်ခေါ်ပြီး သတိပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း တီမောနိုင်ငံဟာ မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ရုံတင်မကဘဲ အဆင်ခြင်မဲ့ အားပေးအားမြှောက် ပြုလာတဲ့အတွက် တီမောသံရုံးတာဝန်ခံကို စက်တင်ဘာလ ၁ ရက်နေ့ နောက်ဆုံးထားပြီး မြန်မာပြည်တွင်းက ထွက်ခွာဖို့ အကြောင်းကြားခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ တီမောနိုင်ငံတို့ဟာ သူသမ္မတမဖြစ်ခင် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့ကတည်းက သံတမန်ဆက်ဆံရေး ထူထောင်ခဲ့တာပါ။ သူ့ရဲ့ ဆင်ခြင်ဉာဏ်ကင်းမဲ့မှုနဲ့ နိုင်ငံတကာအခြေခံမူတွေကို မလိုက်နာမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေရုံသာမကဘဲ ဒေသတွင်း တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကိုပါ ထိခိုက်စေပါတယ်။

> **“တီမောမှာ လွတ်လပ်ရေးကြိုးပမ်းရာမှာပါတဲ့ အဓိကပုဂ္ဂိုလ်တွေအကြား အငြင်းပွားမှုတွေက နိုင်ငံရေးကိစ္စတွေကို လွှမ်းမိုးထားကြောင်း၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနဲ့ တရားမျှတမှု လုပ်ငန်းစဉ်တွေမှာလည်း ကြီးမားတဲ့ စွမ်းရည်ချို့ယွင်းမှုနဲ့ နိုင်ငံရေးဩဇာ လွှမ်းမိုးမှုတွေရှိနေကြောင်း Freedom House က သုံးသပ်ထားပါတယ်။ ဒါတွေဟာ ရာမို့စ်ဟော်တာရဲ့နိုင်ငံမှာ ဖြစ်နေတာတွေပါ။ အဲဒီလို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူတွေအတွက်တောင် ပြည့်ပြည့်ဝဝ မစောင့်ရှောက်နိုင်ပါဘဲ သူတစ်ပါးရဲ့ နိုင်ငံရဲ့ ပြည်တွင်းရေးကို စွက်ဖက်နေတာက တာဝန်မဲ့၊ သိက္ခာမဲ့တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်”**

### တီမောနိုင်ငံဆိုတာ

တီမောနိုင်ငံဆိုတာ အရှေ့တောင်အာရှ နိုင်ငံငယ်လေးတစ်နိုင်ငံသာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားကျွန်းစုရဲ့အရှေ့ဖျားမှာတည်ရှိပြီး ဩစတြေးလျနိုင်ငံရဲ့ အနောက်မြောက်ဘက်ကီလိုမီတာ ၆၄၀ အကွာမှာ ရှိပါတယ်။ နိုင်ငံဧရိယာအနေနဲ့ စတုရန်းကီလိုမီတာ ၁၅၄၁၀ သာ ရှိပါတယ်။ ပေါ်တူဂီတို့ စတင်ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ ၁၇၆၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ လူဦးရေက ၁ ဒသမ ၃ သန်းလောက်ပဲ ရှိပါတယ်။ နိုင်ငံရဲ့ လွတ်လပ်ရေးကို ၂၀၀၂ ခုနှစ် မေလ ၂၀ ရက်နေ့ကမှ ရခဲ့တဲ့ နိုင်ငံပါ။ ပြောရရင် ၂၁ ရာစုမှ လွတ်လပ်ရေးရတဲ့ နိုင်ငံပါ။ ၁၆ ရာစု ကတည်းက ပေါ်တူဂီတို့ရဲ့ ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှာ လွတ်လပ်ရေး ကြေညာခဲ့ပေမယ့် အဲဒီနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှာ အင်ဒိုနီးရှားတို့က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။

အရှေ့တီမောနိုင်ငံဟာ ပေါ်တူဂီလက်အောက်မှာ နှစ်ပေါင်း ၄၀၀ ကျော်၊ ဂျပန်နဲ့အင်ဒိုနီးရှားတို့လက်အောက်မှာ ၂၅ နှစ်ခန့် ကျရောက်ခဲ့ပါတယ်။ တီမောနိုင်ငံ လွတ်လပ်ရေးအတွက် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနဲ့ အနောက်နိုင်ငံတွေက ညှိနှိုင်းပေးတဲ့အတွက် ၁၉၉၈ ခုနှစ်မှာ အင်ဒိုနီးရှားတပ်တွေ ရုပ်သိမ်းပေးခဲ့ပါတယ်။ အဲဒီ ကာလမှာ လွတ်လပ်ရေးလိုလားသူတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုလားသူတွေအကြားမှာ ပဋိပက္ခတွေ ဖြစ်ခဲ့ကြပါသေးတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ကုလသမဂ္ဂရဲ့ ၁၉၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ တီမောနိုင်ငံဟာ ပေါ်တူဂီတို့ လက်အောက်က လွတ်မြောက်ခဲ့ပေမယ့် အခုချိန်အထိ ပေါ်တူဂီစကားပြော နိုင်ငံတွေထဲက အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရှိနေဆဲပါ။

### ကမ္ဘာ့ဝင်ငွေအနည်းဆုံးနိုင်ငံ

ရာမို့စ်ဟော်တာဟာ သမ္မတကျမ်းကျိန်ပွဲမှာ တုန်းက ဆင်းရဲမွဲတေမှုလျှော့ချဖို့၊ မိခင်နဲ့ ကလေးကျန်းမာရေးဝန်ဆောင်မှုတွေ မြှင့်တင်ဖို့နဲ့ နိုင်ငံရေးတည်ငြိမ်မှု ပြန်လည်ရရှိဖို့ ဆွေးနွေးပွဲတွေ ကျင်းပရေးတို့ကို ကတိပြုခဲ့ပါတယ်။ လက်ရှိ တီမောနိုင်ငံဟာ ကမ္ဘာ့ဘဏ်ရဲ့သတ်မှတ်ချက်အရ စီးပွားရေးဟာ နိမ့်ကျနေပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့ ဖြစ်နေပါတယ်။ တိုင်းပြည်လူဦးရေရဲ့ တစ်ဝက်လောက်က စာတတ်မြောက်မှု မရှိပါဘူး။ နိုင်ငံသားများဟာ ဆင်းရဲမွဲတေမှုနဲ့ ရင်ဆိုင်နေရတယ်။ လူဦးရေရဲ့ ၅၂ ဒသမ ၉ ရာခိုင်နှုန်းက တစ်ရက်ကို ၁ ဒသမ ၂၅ ဒေါ်လာအောက်မှာ နေထိုင်နေရပါတယ်။ မြို့ပြနေထိုင်မှုရဲ့ ၂၇ ရာခိုင်နှုန်းက ကမ္ဘာပေါ်မှာ အနိမ့်ဆုံး နိုင်ငံတစ်ခု ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ဆင်းရဲပြီး လုပ်အားခအလွန်နည်းတဲ့ အလုပ်တွေမှာသာ အလုပ်လုပ်ရပါတယ်။ ကလေးငယ်တွေဟာ ကြီးထွားမှုနှေးကွေးနေပြီး အာဟာရချို့တဲ့နေပါတယ်။ ကမ္ဘာ့ဝင်ငွေအနည်းဆုံး နိုင်ငံလည်း ဖြစ်ပါတယ်။ အဲဒါတွေက သူ့အလုပ်တွေပါ။

ဒ့ါအပြင် နိုင်ငံတည်ငြိမ်အေးချမ်းမှုနဲ့ ပတ်သက်လို့ စိန်ခေါ်မှုတွေရှိနေဆဲပါ။ တီမောမှာ လွတ်လပ်ရေးကြိုးပမ်းရာမှာပါတဲ့ အဓိကပုဂ္ဂိုလ်တွေအကြား အငြင်းပွားမှုတွေက နိုင်ငံရေးကိစ္စတွေကို လွှမ်းမိုးထားကြောင်း၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနဲ့ တရားမျှတမှု လုပ်ငန်းစဉ်တွေမှာလည်း ကြီးမားတဲ့ စွမ်းရည်ချို့ယွင်းမှုနဲ့ နိုင်ငံရေးဩဇာ လွှမ်းမိုးမှုတွေရှိနေကြောင်း Freedom House က သုံးသပ်ထားပါတယ်။ ဒါတွေဟာ ရာမို့စ်ဟော်တာရဲ့နိုင်ငံမှာ ဖြစ်နေတာတွေပါ။ အဲဒီလို ကိုယ့်နိုင်ငံ၊ ကိုယ့် ပြည်သူတွေအတွက်တောင်ပြည့်ပြည့်ဝဝ မစောင့်ရှောက်နိုင်ပါဘဲ သူတစ်ပါးရဲ့ နိုင်ငံရဲ့ပြည်တွင်းရေးကို စွက်ဖက်နေတာက တာဝန်မဲ့၊ သိက္ခာမဲ့တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။

### အာဆီယံအဖွဲ့ဝင်ဖြစ်ဖို့အိပ်မက်

ယခင်က မြန်မာ့အရေး ကိုင်တွယ်ဖြေရှင်းနေတာနဲ့ ပတ်သက်လို့ ရာမို့စ်ဟော်တာက အာဆီယံကို ဝေဖန်ပြစ်တင်ခဲ့ဖူးပါတယ်။ အာဆီယံအနေနဲ့ မြန်မာ့အရေးကို မဖြေရှင်းနိုင်သေးဘူးဆိုရင် အာဆီယံအဖွဲ့ဝင်အဖြစ် ပါဝင်မှာ မဟုတ်ဘူးလို့ တီမောဝန်ကြီးချုပ်က ပြီးခဲ့တဲ့ဩဂုတ်လအတွင်းက ပြောခဲ့ပါတယ်။ ဝန်ကြီးချုပ်က အဲဒီလိုပြောပေမယ့် တီမောနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုန်သွယ်မှုတိုးမြှင့်ဖို့နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ဆယ်စုနှစ်များစွာကြိုးစားမှု အောင်မြင်ဖို့ မျှော်လင့်ကြောင်း ရာမို့စ်ဟော်တာက အင်ဒိုနီးရှားနိုင်ငံခရီးစဉ်အတွင်း ဂျကာတာမှာ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒ့ါအပြင် အရှေ့တောင်အာရှရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ တီမောဟာ လည်ပတ်နေတဲ့ စီးပွားရေးနဲ့ ဒီမိုကရေစီအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းထားပြီး ဖြစ်လို့ အာဆီယံအတွက် အကျိုးဖြစ်ထွန်းစေတဲ့ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာမှာဖြစ်ကြောင်း၊ ၂၀၂၃ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားက တာဝန်ယူတဲ့အချိန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာဖို့ မျှော်လင့်ကြောင်းလည်း ပြောခဲ့ပါတယ်။

ဒ့ါအပြင် တီမောနိုင်ငံအနေနဲ့ အာဆီယံရဲ့ ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာရန် မျှော်မှန်းလုပ်ဆောင်နေကြောင်း ရာမို့စ်ဟော်တာက သူ့ရဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းမှာလည်း ပြောကြားခဲ့ပါသေးတယ်။ ဒီပြောကြားတာတွေကို ကြည့်ရင် ရှေ့နောက်စကားမညီတာကို တွေ့ရပါတယ်။ တကယ်တမ်းကတော့ တီမောနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ချင်လို့ ၂၀၁၁ ခုနှစ်ကတည်းက လျှောက်ထားခဲ့တာပါ။ တီမောနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ဆိုရင် အဖွဲ့ဝင်နိုင်ငံတွေ အားလုံးရဲ့ သဘောတူညီမှု လိုပါတယ်။ လက်ရှိအခြေအနေမှာ အာဆီယံအဖွဲ့ဝင်ဖြစ်ဖို့ လျှောက်ထားခဲ့ပေမယ့် အာဆီယံတင်းပြည့် အဖွဲ့ဝင်နိုင်ငံ မဖြစ်သေးပါဘူး။ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ၂၀၂၂ ခုနှစ်ကမှ မူအားဖြင့်ပဲ သဘောတူညီမှု ရထားတာပါ။ အဖွဲ့ဝင်ဖြစ်ဖို့ နိုင်ငံအားလုံးက မထောက်ခံသေးပါဘူး။ ဒါပေမယ့်လည်း ရာမို့စ်ဟော်တာဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ မဖြစ်သေးခင်ကတည်းက အာဆီယံပဋိညာဉ်စာတမ်းကို ဖောက်ဖျက်နေပါပြီ။ ရာမို့စ်ဟော်တာရဲ့ သဘောထားဟာ အာဆီယံရဲ့ မူဘောင်တွေနဲ့ ဆန့်ကျင်နေတဲ့အတွက် နောင်တစ်ချိန်မှာ အာဆီယံရဲ့အခြေခံမူတွေနဲ့ အာဆီယံရဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်လာနိုင်စရာ ရှိပါတယ်။

### ဒေသတွင်း ပေါင်းစည်းမှုကို ထိခိုက်စေနိုင်

အခြားနိုင်ငံရဲ့ပြည်တွင်းရေးကို မစွက်ဖက်ရဘူးဆိုတာ ကုလသမဂ္ဂပဋိညာဉ်မှာလည်း ပါပါတယ်။ ဒီမိုကရေစီကို အကြောင်းပြပြီး သူများနိုင်ငံကို စွက်ဖက်တာဟာ အချုပ်အခြာအာဏာကို ဖောက်ဖျက်ခြင်း ဖြစ်ပါတယ်။ အခုလည်း ရာမို့စ်ဟော်တာရဲ့ ပြောကြားမှုတွေဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစော်ကားလျက်ရှိပါတယ်။ သူ့ရဲ့ပြောကြားချက်တွေဟာ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ ဆက်ဆံရေးကို အပြုသဘောမဖြစ်စေပါဘူး။ သူသာ အမှန်တကယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးကိုလိုလားရင် အခြားနိုင်ငံသားတွေကို သွေးထိုးမြှောက်ပင့်နဲ့ အခြေအနေ ဆိုးရွားအောင် လုပ်နေတာထက် အပြုသဘော အဖြေရှာဖို့ လုပ်ဆောင်သင့်ပါတယ်။ ဒါပေမယ့်လည်း ရာမို့စ်ဟော်တာရဲ့ စိတ်သဘောထားနဲ့ ပြောဆိုမှုတွေမှာ အပြုသဘောထားတွေကို မတွေ့ရပါဘူး။ ဒါကြောင့်လည်း အရှေ့တီမော အာဆီယံအဖွဲ့ဝင်အနေနဲ့ ဝင်ရောက်လာမှာကို စိုးရိမ်ပူပန်မှုတွေနဲ့ စောင့်ကြည့်နေကြပြီး စင်ကာပူနဲ့ လာအိုအပါအဝင် နိုင်ငံအချို့က အရှေ့တီမောရဲ့ ဖွံ့ဖြိုးတိုးတက်မှုကင်းမဲ့ခြင်းဟာ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို ထိခိုက်စေမယ်လို့ မှတ်ချက်ချခဲ့ကြပါတယ်။

### ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်

ဒါတွေကိုကြည့်ရင် ရာမို့စ်ဟော်တာဟာ သူ့နိုင်ငံ၊ သူ့ပြည်သူတွေအတွက် အာရုံစိုက်ရမယ့်အစား မရောင်ရာဆီလူးဖို့ ကြိုးစားနေတာ တွေ့ရပါတယ်။ အဲဒီပုံစံက သူတစ်ပါး အားနည်းချက်ကို အခွင့်ကောင်းယူပြီး ကိုယ်ကျိုးစီးပွားရှာချင်တဲ့ လူတွေရဲ့ အကျင့်စရိုက်တွေပါ။ မြန်မာနိုင်ငံအနေနဲ့ တီမောနိုင်ငံနဲ့ တီမောပြည်သူတွေအပေါ်မှာ ရာမို့စ်ဟော်တာလို အပြုသဘောမဆန်တဲ့ အပြောအဆိုနဲ့ စိတ်သဘောထားမျိုး ဘယ်တုန်းကမှ မထားရှိခဲ့ပါဘူး။ နိုင်ငံတကာ အခြေခံမူတွေ၊ ကျင့်ဝတ်တွေနဲ့အညီ ဆက်ဆံခဲ့ပါတယ်။ နိုင်ငံရေးအမြတ်ထုတ်ဖို့ မကြိုးစားခဲ့ပါဘူး။ ရာမို့စ်ဟော်တာအနေနဲ့ တီမောနိုင်ငံနဲ့ တီမောပြည်သူတွေအပေါ် အလေးထားရင်၊ ဒေသတွင်း တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုကို လိုလားရင် နိုင်ငံတကာ အခြေခံမူတွေနဲ့ ကျင့်ဝတ်တွေကို လိုက်နာဖို့ လိုပါလိမ့်မယ်။ အဲဒါတွေကို မလိုက်နာဘဲနဲ့ အခြားနိုင်ငံရဲ့ပြည်တွင်းရေးကို စွက်ဖက်နေတာဟာ ကိုယ့်ရဲ့ကျင့်ဝတ်နဲ့ သိက္ခာမဲ့မှုကို ထုတ်ဖော်ပြသရာရောက်လို့ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ဖြစ်နေပါလိမ့်မယ်။ ။

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံတွင် နိုဝင်ဘာ ၅ ရက်မှစတင်၍ ၁၀၈ ရက်တိုင်တိုင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်၌ ၁၀၈ ရက်တိုင်တိုင်ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်နေသော ဘာဏက ဆရာတော်များအား သွားရောက် ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာ ဥသျှစ်ကုန်းကျောင်းတိုက် သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် အသံမစဲ ဥပ္ပါတသန္တိ ပါဠိတော်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သီရိမင်္ဂလာ ဥသျှစ်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တဣန္ဒာစရိယအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပန်းပေါင်းစုံဖူးစာ ရုပ်ပွားတော်များနှင့် ဥပ္ပါတသန္တိပါဠိတော်ဝတ်ရွတ်စဉ် စာအုပ်များနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်၌ ကျင်းပသည့် အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်တွင် အသံမစဲ ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပနေသကဲ့သို့ အလားတူ တစ်ချိန်တည်းတွင် ပုဗ္ဗသီရိမြို့နယ် အောင်ဇည်သာပရိယတ္တိစာသင်တိုက်နှင့် ဥတ္တရသီရိမြို့နယ် မြင့်ထူးသာကျောင်းတိုက်တို့တွင်လည်း အသံမစဲဥပ္ပါတသန္တိပါဠိတော် ဆက်လက်ရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပလျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံတွင် နိုဝင်ဘာ ၅ ရက်မှ စတင်၍ ၁၀၈ ရက်တိုင်တိုင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ် ပူဇော်လျက်ရှိသည့်အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဥသျှစ်ကုန်းကျောင်း၊ ဘုရားငါးဆူကျောင်းနှင့် ရွှေလွှမ်းတောင်ကျောင်းတို့၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ ၁၈ ရက်တိုင်တိုင် ဥပ္ပါတသန္တိပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်သမိုင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)က ကြီးမှူးကျင်းပသည့် (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်သမိုင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) ဥက္ကဋ္ဌ၊ သဘာပတိများ၊ စာတမ်းရှင်များ၊ မွန်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဒေါ်နုမြဇံတို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဦးငွေဝင်း (ငွေဝေ-ကျောက်ဖြူ)က "ရခိုင်အမည်၏ မူလဇာစ်မြစ် လေ့လာချက်" စာတမ်း၊ ဦးမောင်ကျော့ (မောင်မောင်ကျော့-ပလက်ဝ)က "ရခိုင်ဝေသာလီခေတ် ကိန်းဂဏန်းများ အရေးအသားကို ရှာဖွေတင်ပြခြင်း" စာတမ်း၊ ဦးမောင်ဖြူ (မောင်ဖြူ-ကြို့တဲကျွန်း)က "အမိအဖအား ရည်စူး၍ စကားအစ ရခိုင်ဝေသာလီက" စာတမ်းတို့ကို ဖတ်ကြားကြရာ သဘာပတိများက စာတမ်းရှင်များ၏ စာတမ်းများကို သုံးသပ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က သဘာပတိများ၊ စာတမ်းရှင်များနှင့် ကူညီပံ့ပိုးပေးကြသူများကို ဂုဏ်ပြုလွှာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ်ထိခိုက်ဒဏ်ရာရ၍ဆေးရုံတက်ရောက်ကုသနေသည့်တပ်မတော်သားများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေများ၊ စားသောက်ကုန်နှင့် လူသုံးကုန်များ ချီးမြှင့်ပေးအပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၆**

နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရ၍ ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) တွင် တက်ရောက်ကုသနေသော တပ်မတော်သားများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ချီးမြှင့်ပေးအပ်ခြင်းနှင့် ဆေးပဒေသာပင်သို့ အလှူငွေများလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါအစည်း အဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆေးပဒေသာပင်သို့ အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆေးပဒေသာပင်သို့ အလှူငွေကျပ် သိန်း၁၀၀**(ယာပုံ)**နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် ငွေကျပ် ၉၇ သိန်းတန်ဖိုးရှိ အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များအား ပေးအပ်လှူဒါန်းရာ တပ်မှူးက လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တွင် ဆေးဝါးတက်ရောက်ကုသနေ



သော ဒဏ်ရာရ တပ်မတော်သားများအား အလှူငွေများ၊ စားသောက်ကုန်နှင့် လူသုံးကုန်များကို ကုသဆောင်များ အရောက် သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တနိုင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တနိုင်းမြို့ နယ်မြေခံတပ်ရင်း ရဲမာန်အောင်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တနိုင်းတပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှု ဆေးကုသခြင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုဆေးကုသခြင်းကို ယနေ့တွင် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ရှိ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၌ ပြင်ပလူနာဌာနခွဲ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး**(အပေါ်ယာပုံ)** အမျိုးသားပရဆေးဥယျာဉ်အတွင်း စိုက်ပျိုးထားရှိသည့် ဆေးဖက်ဝင်ပရဆေးပင်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အကြိုလှုပ်ရှားမှုဆေးကုသခြင်းတွင် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ နေပြည်တော်မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချို ဦးဆောင်သော တိုင်းရင်းဆေးပညာရှင်များက သွေးတိုး၊ ဆီးချို၊ လေငန်း၊ လေဖြန်း၊ ပါးရွဲ့ရောဂါများ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်၊ အဆစ်နာရောဂါများ၊ မီးယပ်ရောဂါများ၊ ကလေးသူငယ်နာရောဂါများ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် အနာပေါက်ရောဂါများ၊ ရာသီတုပ်ကွေးနှင့် အဖျားရောဂါစသဖြင့် စုစုပေါင်း လူနာ ၂၇၀ ကို လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများအဖြစ် သောက်ဆေး၊ လိမ်းဆေး၊ အကြောပြင်ကုသခြင်း၊ ကြပ်ထုပ်ထိုးကုသခြင်းနှင့် ဆေးစည်းဆေးကပ်ခြင်းစသည့် ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး နေပြည်တော်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးတို့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။



(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းဆေးဆရာကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအစိုးရအသိအမှတ်ပြု Myanmar GDE Consortium တည်ထောင်ရန်အတွက် စိစစ်ရွေးချယ်ရေးကော်မတီ(ပထမအကြိမ်)အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မြန်မာအစိုးရ အသိအမှတ်ပြု Myanmar GDE Consortium တည်ထောင်ရန်အတွက် စိစစ်ရွေးချယ်ရေး ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက အထူးစီးပွားရေးဇုန်များသည် မိမိတို့နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အရေးပါကြောင်း၊ အလားတူ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အရေးကြီးပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် မြန်မာနိုင်ငံမှ လုပ်ငန်းအတွေ့အကြုံရှိပြီး အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်နိုင်မည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်၍ စီမံကိန်းကုမ္ပဏီဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Myanmar GDE Consortium ဖွဲ့စည်းရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာကို နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသူများက လျှောက်ထားလာသည့် မြန်မာကုမ္ပဏီများ၏အဆိုပြုလျှောက်လွှာများ စိစစ်ရွေးချယ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် မူဝါဒလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ကျော်ဖုံးမှ*

အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃) အရ ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများကို ထိန်းသိမ်းရန်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များတည်တံ့စေရန်၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန် စသည့်သဘာဝအမွေအနှစ်များအပြင် သမိုင်းကြောင်းနှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရန်ရည်ရွယ်၍ ဘူမိဥယျာဉ်ကို သတ်မှတ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသ၏ အိုအေစစ် (Oasis) သဖွယ်ဖြစ်သည့် ပုပ္ပားတောင်ဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် ပုပ္ပားတောင်ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်ကြင်း စသည့် အဖိုးတန်သစ်မျိုးများနှင့် ဆေးဖက်ဝင်အပင်များအပြင် စန္ဒကူး၊ စကားဝါ၊ သစ်ဆိမ့်မှအစ အပူပိုင်းဒေသမျိုးရင်းအပင်မျိုးစိတ်များ၊ ပုပ္ပားမျောက်မြီးရှည်အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ ဒေသမျိုးရင်းငှက်မျိုးစိတ်များဖြစ်သည့် နဖားကြူးအမြီးဝိုင်း၊ ဇွေ အပါအဝင် အခြား ငှက်မျိုးစိတ်များ၊ တွားသွားသတ္တဝါနှင့် ကုန်းနေရေနေသတ္တဝါမျိုးစိတ်များ၊ အင်းဆက်နှင့် လိပ်ပြာမျိုးစိတ်များ စသည်တို့အား ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ် သတ်မှတ်ခြင်းဖြင့် ပုပ္ပားဒေသရှိ ထူးခြားသည့်ဘူမိရုပ်သွင်နှင့် ကမ္ဘာ့အဆင့်ဘူမိဗေဒဆိုင်ရာဖြစ်တည်မှုများ၊ မီးတောင်ဖြစ်စဉ်များနှင့် ဘူမိဗေဒဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ထူးခြားသည့် ဘူမိရုပ်သွင်နှင့် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းနိုင်ခြင်း၊ ဘူမိခရီးသွားလုပ်ငန်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ခြင်း၊ ဂေဟစနစ်များ တည်တံ့စေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သစ်တောသယံဇာတများကို စနစ်တကျ ထိရောက်စွာ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အင်းစိန်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (အင်းစိန်)တို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(အင်းစိန်) ဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က နိုင်ငံတော်တည်ဆောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးများ ပေါ်ပေါက်လာပုံ၊ ရှောင်ရန်/ဆောင်ရန်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စုပေါင်းဆောင်ရွက်သွားကြရမည့်လုပ်ငန်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စပါးအထွက်ကောင်းသော ထိုင်းနံ့ကောက် မျိုးစပါး ပြောင်းလဲစိုက်ပျိုးရေး ဆွေးနွေး

**ပုသိမ်ကြီး ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့မှ တာဝန်ရှိသူများသည် ယနေ့ နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ်ရှိ Green Growth Generation Co., Ltd မျိုးစေ့ထုတ်စက်ရုံအား ကွင်းဆင်းကြည့်ရှု၍ တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးရရှိနိုင်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းဇော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့် အဖွဲ့ဝင်များသည် Green Growth Generation Co .,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်နေခြည်ထွေးနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ လာမည့် နွေစပါးစိုက်ပျိုးရာသီတွင် သမဝါယမအသင်းသား တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်သည့် ထိုင်းနံ့ကောက်စပါးမျိုး ပြောင်းလဲစိုက်ပျိုးနိုင်ရေး ပံ့ပိုးပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော်  ဒီဇင်ဘာ  ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်း လမ်းဘေးဝဲယာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ သစ်ပင်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းနေမှုနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်း အတွင်း/အပြင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် ပဲခူးလမ်းနှင့် မန္တလေးလမ်းဆုံ၌ Box Culvert ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေး၊ ရေရှည်ခိုင်မာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်း အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

နေပြည်တော်  ဒီဇင်ဘာ  ၁၆

**ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်း အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**



မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုဆွေးနွေးပွဲကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်(၁) ချက်ဖြစ်သည့် လက်ငင်းရလဒ် (၁) “အဓိကနယ်ပယ်များရှိ ငွေကြေးခဝါချမှုအန္တရာယ်များကို နားလည်သိရှိမှုတိုးတက်ကြောင်း ပြသရန်” နှင့်စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍများမှ နားလည်စေရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယင်းလက်ငင်းရလဒ်(၁)အား အဆင့်တိုးမြှင့်ရရှိစေရေးအတွက် သက်ဆိုင်ရာဘဏ်များက ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို နားလည်မှုရှိကြောင်း တင်ပြရန်နှင့် ကြီးကြပ်ရေးအာဏာပိုင်များ၊ တရားဥပဒေ စိုးမိုးရေးအဖွဲ့များမှ Risk Assessment ဆောင်ရွက်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန် ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ လက်ငင်းရလဒ်(၁)နှင့်စပ်လျဉ်း၍ ကြီးကြပ်ရေး အာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများ အပါအဝင် တက်ရောက်လာသည့်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သည့်ရလဒ်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး မှုခင်းဖြစ်စဉ်များကို လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုများ (ဩဇာတိက္ကမရှိသူများ အပါအဝင်)နှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ချက်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီအဖွဲ့အစည်းများ (Legal Persons) နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ချက်များကို လည်းကောင်း၊ ပုဂ္ဂလိကဘဏ်ကြီးလေးဘဏ်တို့က ၎င်းတို့၏ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ဆောင်ရွက်ချက်များကို လည်းကောင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ သတင်းပို့ အဖွဲ့အစည်းများက ပေးပို့လာသည့် သံသယဖြစ်ဖွယ် သတင်း ပေးပို့ချက်များအပေါ် စိစစ်တွေ့ရှိချက်များနှင့် ငွေကြေးခဝါချမှုစုံစမ်းစစ်ဆေးချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ၂၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အရာရှိကြီးများ၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် အောင်ဆန်းဓာတ်အားခွဲရုံနှင့် မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာရုံး ကြည့်ရှုစစ်ဆေး

**မန္တလေး  ဒီဇင်ဘာ  ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ ၃၃/၁၁ ကေဗွီ, ၁၀ အမ်ဗွီအေ အောင်ဆန်းဓာတ်အားခွဲရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ကြည့်ရှုစစ်ဆေးစဉ် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေး ဆောင်ရွက်သွားရန်မှာကြားပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ငွေကောက်ကောင်တာတွင် မီးသုံးစွဲသူပြည်သူများ ဓာတ်အားခလာရောက် ပေးဆောင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခရိုင်/မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ မီတာများ ပုံမှန်ဖတ်ရှုရေးနှင့် ဓာတ်အားခများ ပုံမှန်ကောက်ခံရရှိရေး အလေးထားဆောင်ရွက်ကြရန်၊ ဓာတ်အားခငွေများ အလွဲသုံးစားမှု မဖြစ်ပေါ်စေရေးနှင့် အပြည့်အဝ ကောက်ခံရရှိရေး ကြပ်မတ် ဆောင်ရွက်သွားရန်၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး၊ ဓာတ်အားပြတ်တောက်မှု နည်းပါးစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ပုံမှန်ရှင်းလင်း ခုတ်ထွင်သွားရန်၊ ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာနှင့် ဓာတ်အားလွှတ် ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ထရန်စဖော်မာများ လောင်ကျွမ်းမှု မဖြစ်ပေါ်စေရေး ဝန်အားပြည့်နေသည့် ထရန်စဖော်မာများကို အချိန်မီအစားထိုးလဲလှယ် တည်ဆောက်သွားရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားကြရန်၊ ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေး၍ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော်  ဒီဇင်ဘာ  ၁၆** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၅၉ /၂၀၂၃ )**
**၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )**

ပြည်ထဲရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

***(ယမန်နေ့မှအဆက်)***

(၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဌာနမှူး (တားဆီး) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး တာဝန်ထမ်းဆောင်သူအရာရှိ၊

(၆) ရထားရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၇) ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်တာဝန်ပေးသော ပြန်တမ်းဝင်အရာရှိ အဆင့်ထက် မနိမ့်သော အရာရှိ။"

( ခ ) ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် သွားလာရေးခက်ခဲသော သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ရှာဖွေအမိန့်ရယူရန် ခက်ခဲနိုင်သော ဒေသနှင့် သတ်မှတ်ကာလအတွင်းတွင် ရဲအုပ်အဆင့်အောက် မနိမ့်သည့် စခန်းမှူးသည် ရှာဖွေအမိန့်မပါဘဲ ဝင်ရောက်ရှာဖွေနိုင်သည်။

၂၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၆ တွင်-

(က) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရှာဖွေရေးအရာရှိသည် တွေ့ရှိသည့် ဆေးဝါးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆေးဝါးများကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများကို သက်သေများရှေ့တွင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပြီး ချိန်တွယ်ရာတွင် ထုပ်ပိုးခွံမပါဘဲ အသားတင်အလေးချိန်ကိုသာ မှတ်သားဖော်ပြရမည်။ ထို့နောက် ယင်းသက်သေများရှေ့တွင် အဆိုပါ ဆေးဝါးများ၊ ဓာတုပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးအတွက် နမူနာထုတ်ယူရမည်၊"

( ခ ) နည်းဥပဒေခွဲ (ဇ) ၌ ပါရှိသော "သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ရုံး" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) နည်းဥပဒေခွဲ (ဍ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဎ) နှင့် (ဏ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဎ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စိစစ်ဖော်ထုတ်ရန်လိုအပ်ပါက ဗဟိုအဖွဲ့နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ တင်ပြရမည်၊

(ဏ) နည်းဥပဒေခွဲ (ဎ) အရ စိစစ်ဖော်ထုတ်သိမ်းဆည်းရမိသော ငွေကြေး၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများသည် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်ခြင်း မရှိပါက ဥပဒေပုဒ်မ ၂၄ နှင့်အညီ ဆောင်ရွက်နိုင်ရန် တရားစွဲ အဖွဲ့အစည်းက သက်ဆိုင်ရာတရားရုံးသို့ တင်ပြရမည်။

၂၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့် ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ သို့ရာတွင် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါက ရှာဖွေရေးအရာရှိသည် သက်သေခံပစ္စည်းများကို ချိန်တွယ် ချိပ်ပိတ်ထုပ်ပိုးခြင်းနှင့် စပ်လျဉ်း၍ လုံခြုံစိတ်ချရသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရသည့် အခြေအနေကို ရှာဖွေရေးအရာရှိက ရှာဖွေပုံစံတွင် ကျိုးကြောင်းဖော်ပြရမည့်အပြင် အထက်ဌာနသို့ ပြန်လည်အစီရင်ခံ တင်ပြရမည်။"

၂၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၃ တွင်-

(က) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊"

( ခ ) နည်းဥပဒေခွဲ (ဂ) ၏နောက်တွင် နည်းဥပဒေခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) လျှို့ဝှက်အမာခံသတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း။"

၂၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ ရှာဖွေရေးအရာရှိများသည် ပြစ်မှုကိုနောက်ကွယ်မှ အဓိကကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံသတင်းပေးအား အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံ သတင်းပေးသူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း တို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည်။"

၂၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၅ ၏ နောက်တွင် နည်းဥပဒေ ၃၅-က နှင့် ၃၅-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၅-က။(က) ရှာဖွေရေးအရာရှိ သို့မဟုတ် အမှုစစ်အရာရှိသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက် မှတ်တမ်းများ၊ တယ်လီဖုန်းဆက်သွယ်မှု မှတ်တမ်းများ တောင်းခံရန် သတ်မှတ်ထားသည့်အတိုင်း ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် တောင်းခံချက်အပေါ် စိစစ်၍ ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက် မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကို ထုတ်ပေးရန် သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းသို့ အမိန့်ထုတ်ဆင့်နိုင်သည်။ အမိန့်စာမိတ္တူကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ သိသာရန် ပေးပို့ရမည်။

(ဂ) ဗဟိုအဖွဲ့၏ အမိန့်ရရှိသည့်အခါ သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ သတင်းအချက်အလက် မှတ်တမ်းများ၊ ဆက်သွယ်မှုမှတ်တမ်းများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကြည့်ရှုစစ်ဆေးခွင့်နှင့် မိတ္တူကူးယူခွင့်ပြုရမည်။

၃၅-ခ။(က) ပြစ်မှုကို အဓိကကျူးလွန်သူကိုဖြစ်စေ၊ ပြည်တွင်းပြည်ပရှိအဖွဲ့နှင့် အုပ်စုဝင်များကို ဖြစ်စေ၊ ကွင်းဆက်ကျူးလွန်သူကိုဖြစ်စေ ဖော်ထုတ်ဖမ်းဆီးရေးအတွက် ထိန်းချုပ်သယ်ဆောင်ခြင်းနည်းလမ်းကို အသုံးပြုရန် လိုအပ်ပါက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး သို့မဟုတ် နေပြည်တော် ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်သို့ တင်ပြ၍ ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

( ခ ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ထိန်းချုပ်သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူအား လိုအပ်ပါက ပြစ်မှုတွင် အစိုးရသက်သေအဖြစ် ထည့်သွင်းနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန် စိစစ်ခွင့်ပြုနိုင်သည်။"

၂၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၆ နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေခွဲ (ခ) တို့၏ ခြေဆင်းတွင် ပါရှိသော "အတွင်းရေးမှူး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (ခ) ၏ နောက်တွင် နည်းဥပဒေခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) ဓာတုဗေဒစစ်ဆေးရေးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီး ပြန်လည်ပေးပို့သော ချိပ်ပိတ်ထားသည့် သက်သေခံပစ္စည်းများကို အကြောင်းကိစ္စတစ်ခုခုကြောင့် ဖွင့်ဖောက်စစ်ဆေးရန် လိုအပ်ပါက သက်ဆိုင်ရာရဲစခန်းမှူးသည် ဓာတုဗေဒ စစ်ဆေးရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ဖောက် စစ်ဆေး၍ တွေ့ရှိသည့် အခြေအနေကို မှတ်တမ်းတင်ပြီး ဖွင့်ဖောက်စစ်ဆေးရာတွင် ပါဝင်သူများက လက်မှတ် ရေးထိုးရမည်။"

၂၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၀။ ဆေးဝါးသုံးစွဲခြင်း ရှိ မရှိ ပဏာမ စစ်ဆေးခြင်းနှင့် ဆေးဝါး သုံးစွဲကြောင်း စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ စစ်ဆေးရမည်။"

၂၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၂ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့သူသည် ဆေးဝါး၊ ဓာတုပစ္စည်းနှင့် အမှာစာပါ စာအိတ်တို့ကို ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရေးဌာနမှ တာဝန်ရှိသူထံသို့ စနစ်တကျ လုံခြုံစွာ ပို့ဆောင်ပေးအပ်ရမည်၊"

၃၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ (စ) ကို ပယ်ဖျက်ရမည်။

၃၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၇။ အမှုစစ်အရာရှိသည်-

(က) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သူသည် ယခင်က ၎င်းပုဒ်မများအနက် ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ပြစ်ချက်ဟောင်းရှိသည့်အတွက် အများဆုံးပြစ်ဒဏ် ချမှတ်နိုင်ရန် အလို့ငှာ ဥပဒေပုဒ်မ ၂၃ ကို ပူးတွဲ၍တရားစွဲဆိုရမည်။

***စာမျက်နှာ ၁၁ သို့***

*စာမျက်နှာ ၁၀ မှ*

(ခ) ဥပဒေပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုအတွက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသော်လည်း ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လျှင် သော်လည်းကောင်း၊ အယူခံ သို့မဟုတ် ပြင်ဆင်မှုတွင် တရားသေလွှတ်လျှင်သော်လည်းကောင်း ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ တရားစွဲဆိုခြင်းမပြုရ။

**ရှင်းလင်းချက်။** ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည့် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း မဟုတ်ဘဲ ပြစ်ဒဏ်တချို့တစ်ဝက်ကို ကျခံပြီး ကျန်ရှိသည့်ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ မရရှိသဖြင့် ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍ စွဲဆိုခြင်းမပြုနိုင်စေကာမူ တရားစွဲတင်ပို့ပြီးနောက် စီရင်ချက်မချမီ ပြစ်ချက်ဟောင်းရှိကြောင်း စုံစမ်း၍ရရှိလျှင် ဥပဒေပုဒ်မ ၂၃ ဖြင့် ထပ်မံ၍ စွဲချက်တင်နိုင်ရန်တရားရုံးသို့ တင်ပြရမည်။

(ဃ) ဥပဒေပုဒ်မ ၂၃ ဖြင့် ပူးတွဲ၍စွဲဆိုလျှင်-

(၁) ယခင်က ပြစ်မှုထင်ရှားစီရင်ခဲ့သော ပြစ်မှု၏ မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော စီရင်ချက်မိတ္တူမှန်ဖြစ်စေ၊ ထောင်ကျဝရမ်းစာ မိတ္တူဖြစ်စေ၊ ပြစ်ဒဏ်ကို အတည်ပြုခဲ့သည့် အကျဉ်းထောင်တာဝန်ခံ၏ သက်သေခံလက်မှတ် (ရဲပုံစံ-၃၁) ဖြစ်စေ ပူးတွဲပါရှိရမည်။

(၂) ရဲစွဲချက်လွှာပုံစံတွင် သိသာထင်ရှားစေရန် ပြစ်မှုကျူးလွန်သူ၏ အမည်နှင့်ယှဉ်တွဲလျက် ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖူးကြောင်း မင်နီဖြင့် ရေးသားဖော်ပြရမည်။"

၃၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၅၈ နည်းဥပဒေခွဲ (ဂ) တွင် ပါရှိသော "အလားတူ" ဆိုသည့် စကားရပ်များကို "ဥပဒေပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၀ နည်းဥပဒေခွဲ (ခ) ပါ "အသက် ၁၆ နှစ်အောက်ရှိသူကလေးသူငယ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ်အောက်ရှိသူကလေးသူငယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၁ နည်းဥပဒေခွဲ (င) ပါ "အသက် ၁၆ နှစ်အောက်ရှိကလေးသူငယ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ်အောက်ရှိကလေးသူငယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ အခန်း (၁၂) ၏ နောက်တွင် အခန်း (၁၂-က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၆၂-က၊ ၆၂-ခ နှင့် ၆၂-ဂ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း(၁၂-က)**

**ရန်ပုံငွေထူထောင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

၆၂-က။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) ပါ ရငွေများဖြင့် ထူထောင်ထားသည့် ရန်ပုံငွေကို ထိန်းသိမ်းရန်နှင့် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (ခ) အရ ရရှိသည့် လှူဒါန်းပစ္စည်းများကို စီမံခန့်ခွဲရန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

၆၂-ခ။ ရန်ပုံငွေ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့သည်-

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်က ထောက်ပံ့သော ပစ္စည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းထားသော ပစ္စည်းများကို ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုလုပ်ရမည်။

(ဂ) မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်းရရှိမည့် ရန်ပုံငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသောဘဏ်တွင် စာရင်းဖွင့်လှစ်အပ်နှံ၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်ရမည်။

(ဃ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည့်အပြင် စာရင်းစစ်ဆေးရာတွင် ကူညီဆောင်ရွက်ရမည်။

(င) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ စေတနာရှင်များက လှူဒါန်းသော ငွေကြေးနှင့် ပစ္စည်းများ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် အဖွဲ့အစည်းများ၊ အလှူရှင်များ ပွင့်လင်းမြင်သာစွာ သိရှိစေရန် စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ကြေညာပေးရမည်။

၆၂-ဂ ။ ဗဟိုအဖွဲ့သည် ဥပဒေပုဒ်မ ၂၅-က ပုဒ်မခွဲ (က) အရ ထူထောင်ထားသည့် ရန်ပုံငွေမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အသုံးစရိတ်နှင့် ဆုငွေချီးမြှင့်ခြင်းများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲနိုင်သည်။

၃၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၄။ တရားရုံးသည်-

(က) ကလေးသူငယ်က ပြစ်မှုတစ်ခုခုကို ကျူးလွန်သည့်အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးပါက ၎င်းအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ရမည်။

(ခ) ပြစ်မှုနှင့်အကျုံးဝင်သော ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လိုအပ်သလို စီမံခန့်ခွဲရန်အလို့ငှာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့သို့ ပေးပို့ရန် အမိန့်ချမှတ်ရမည်။"

၃၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၆၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၅။(က) ဥပဒေပုဒ်မ ၂၅-ဂ ပုဒ်မခွဲ (က) အရ ပေးသွင်းခဲ့သည့် ရန်ပုံငွေ၏ ရာခိုင်နှုန်းတစ်ရပ်ကို ဗဟိုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် အသုံးပြုရန် အောက်ပါအတိုင်း ခွင့်ပြုနိုင်သည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများ ၅၀%

(၂) ပြစ်မှုနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ချီးမြှင့်ငွေ ၃၀%

(၃) ဖမ်းဆီးရေးအဖွဲ့အား ဆုချီးမြှင့်ငွေ ၂၀%

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) ပါ နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။"

၃၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများတွင် ပါရှိသော ပုံစံ (၁) နှင့် ပုံစံ (၂) တို့ကို ပယ်ဖျက်ရမည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

## မင်္ဂလာတောင်ညွန့်၌ အီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးခြင်း လက်တွေ့သရုပ်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း ပထမနေ့အဖြစ် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် စံပြ ဖ-ဆ-ပလရပ်ကွက် အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။



အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများ၊ လူမှုကူညီရေးအသင်းများ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူ ၃၀၂ ဦး စုစုပေါင်း ၄၅၀ တက်ရောက်ကာ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြရာ သက်ဆိုင်ရာခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းအသိပညာပေးလုပ်ငန်းကို ခရိုင်လေးခုရှိ မြို့နယ်လေးမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## မြို့သစ်မြို့နယ်၌ မိုးစပါးစံကွက်မှ စပါးတင်း ၁၀၀ ကျော် ထွက်ရှိ

**မြို့သစ် ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ယမန်နေ့က တောင်သူဦးအေးထွန်း၏ စိုက်ကွက်၌ ဆောင်ရွက်သည်။



အဆိုပါ မိုးစပါးစံကွက်တစ်ကေလျှင် အစို ၁၁၁ ဒသမ ၅၇ တင်း၊ အခြောက် ၁၀၀ ဒသမ ၄ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြို့သစ်မြို့နယ်တွင် ရေမာမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခနှင့် ဆာဖိုးသာ စပါးမျိုးများကို အဓိက စိုက်ပျိုးထားကြကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းကူညီခဲ့ကြသည်။

**ကိုဇော် (ပြန်/ဆက်)**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏**

# လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ( ၇၆၀ /၂၀၂၃ )**
**၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )**

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

*(ယမန်နေ့မှအဆက်)*

(၂) ဝရမ်းတွင်သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း ကာစီနိုအတွင်း ဝင်ရောက်ကစားသူမြန်မာနိုင်ငံသားကို ဝင်ရောက်ဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးကြောင်း ဖော်ပြချက်ပါရှိသည့် လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

( ခ ) အပိုဒ်ခွဲ(က) အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကို ရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၃၁။ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ကို လက်ခံရရှိပါက အပိုဒ် ၂၇ အရ ဝရမ်းထုတ်ပေးသူသည်-

(က) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ ဒုတိယ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံ တင်ပြရမည်။

( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံ အစီရင်ခံတင်ပြရမည်။

**အခန်း(၈)**

**အထွေထွေ**

၃၂။ လောင်းကစားဖမ်းဆီးသူသည်-

(က) လောင်းကစားကိရိယာများ၊ ငွေကြေးနှင့်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခြင်း၊ လောင်းကစားခြင်း၌ ပါဝင်သူများအား ဖမ်းဆီးခြင်းများကို အီလက်ထရောနစ် နည်းပညာတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်နိုင်သည်။

( ခ ) အပိုဒ်ခွဲ(က) ပါ မှတ်တမ်းကို ယင်းအမှုအား တရားစွဲဆိုသည့်အခါ တရားရုံး၌ သက်သေခံချက်အဖြစ် တင်ပြရမည်။

၃၃။ ဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်းခံရသူကို ဥပဒေပုဒ်မ ၂၄ အရ တရားလိုပြသက်သေအဖြစ် အစစ်ခံချက်ပေးစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပူးတွဲတရားစွဲဆိုခြင်းခံရသူများအား ပြစ်မှုထင်ရှားစီရင်နိုင်စေရန်အလို့ငှာ ကိုယ်တိုင်ပါဝင်ကျူးလွန်ပြီး ပူးတွဲတရားစွဲဆိုခြင်းခံရသူများ ကျူးလွန်ကြောင်းကိုလည်း ပြည့်စုံခိုင်လုံစွာ ထွက်ဆိုချက်ပေးနိုင်စေရန် ရဲတပ်ဖွဲ့က သက်ဆိုင်ရာ ဥပဒေရုံးမှတစ်ဆင့် တရားရုံးသို့ စာဖြင့် တင်ပြရမည်။

( ခ ) လောင်းကစားခြင်း၌ လောင်းကြေးလက်ခံသူ၊ လောင်းကစားဒိုင်၊ စီမံခန့်ခွဲသူ၊ လောင်းကစားအိမ်ရှင် သို့မဟုတ်လောင်းကစားဒိုင်ပြုသူကို တရားလိုပြသက်သေအဖြစ် တင်ပြခြင်းမပြုရ။

( ဂ ) အပိုဒ်ခွဲ(က) အရ တင်ပြခြင်းအား အမှုကိုတရားစွဲတင်ပြီးနောက် တရားလိုပြသက်သေများ စစ်ဆေးခြင်းမပြုမီသော်လည်းကောင်း၊ စစ်ဆေးနေဆဲ၌သော်လည်းကောင်း တင်ပြနိုင်သည်။

၃၄။ ဥပဒေပုဒ်မ ၂၅ အရ တရားရုံးက သတင်းပေးသူအားလည်းကောင်း၊ ဖမ်းဆီးရာတွင်ပါဝင်သူတို့အားလည်းကောင်း ချီးမြှင့်သည့်ဆုငွေကို စနစ်တကျပေးအပ်နိုင်ရန် သတင်းရရှိချိန်မှစ၍ ဖမ်းဆီးရာတွင် ပါဝင်သူတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဆင့်၊ တာဝန်ထမ်းဆောင်သည့် နေရာဒေသ စသည်တို့ကို ဦးဆောင်ဖမ်းဆီးသည့်ပုဂ္ဂိုလ်က မှတ်တမ်းထားရှိရမည်။

၃၅။ သတင်းပေးသူအား ဆုချီးမြှင့်ရာတွင် ၎င်း၏အမည်ကို လျှို့ဝှက်ထားရှိရမည်။ သတင်းပေးသူအား ဆုချီးမြှင့်နိုင်ရေးအတွက် သတင်းပေး အမည်အား သက်ဆိုင်ရာတရားသူကြီးထံ လျှို့ဝှက်၍ စာဖြင့် တင်ပြရမည်။

၃၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းနယ်မြေအတွင်း လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပြုနေကြောင်း ကျော်စောသတင်းရှိသူအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉၊ ၁၁၀ အရ အရေးယူရမည်။

၃၇။ လောင်းကစားဥပဒေအရ အရေးယူခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

၃၈။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁/၈၇) အရ ထုတ်ပြန်ထားသည့် လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဤလုပ်ထုံးလုပ်နည်းများဖြင့် ပယ်ဖျက်သည်။

**ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထဲရေးဝန်ကြီးဌာန**

**(ပုံစံ-က)**

**လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း**
**ဝရမ်းအမှတ် ( / )**
[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ ]

(အမည်) ----------

ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့

ကျေးရွာအုပ်စု/ ရပ်ကွက်/ ရဲစခန်း ----------

မြို့နယ်/ ပြည်နယ်/ တိုင်း ----------

၁။ ---------- မြို့နယ်၊ ---------- ရပ်ကွက်/ ကျေးရွာအုပ်စု ---------- အမှတ် ---------- ရှိ ---------- ၏ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်းကို ----------အဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော လောင်းကစားဖမ်းဆီးရေးအဖွဲ့၊ ----------ရဲစခန်းမှ ----------၊ ---------- ခုနှစ်၊ ---------- လ၊ ---------- ရက် (----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် ---------- ခုနှစ်၊ ---------- လ၊ ---------- ရက် (----------) အချိန် အထိ ဖြစ်သည်။

၃။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ် ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း လုပ်ပိုင်ခွင့်များရှိသည်။

၄။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံ ပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့်ဝရမ်းကို ဝရမ်းထုတ်ပေး သူထံ တင်ပြရမည်။

လက်မှတ် ----------
အမည် ----------
ရာထူး/တာဝန် ----------
----------

ရုံးတံဆိပ်

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**[ပုံစံ-က(၁)]**

**ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း**
**ဝရမ်းအမှတ် ( / )**
[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၇ ]

(အမည်) ----------

ရဲအရာရှိ

ရဲစခန်း / မြို့နယ် ----------

ခရိုင်/ ပြည်နယ်/ တိုင်း ----------

၁။ ---------- မြို့နယ်၊ ---------- ရပ်ကွက်/ ကျေးရွာအုပ်စု ---------- အမှတ် ---------- ရှိ ---------- ၏ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်းကို ----------အဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော ဖမ်းဆီးရေးအဖွဲ့၊ ----------ရဲစခန်းမှ ----------၊ ---------- ခုနှစ်၊ ---------- လ၊ ---------- ရက် (----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် ---------- ခုနှစ်၊ ---------- လ၊ ---------- ရက် (----------) အချိန် အထိ ဖြစ်သည်။

၃။ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားကို ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိသည် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း များအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် များအရလည်းကောင်း လုပ်ပိုင်ခွင့်များ ရှိသည်။

၄။ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားသည့် ရှာဖွေဖမ်းဆီးရမိသူမြန်မာနိုင်ငံသားများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်း အပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့် ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

လက်မှတ် ----------
အမည် ----------
ရာထူး/တာဝန် ----------
----------

ရုံးတံဆိပ်

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ပုံစံ(ခ)

ပစ္စည်းရှာစာရင်း(ရှာဖွေပုံစံ)

ရှာဖွေရာတွင် ဖမ်းဆီးရမိသောပစ္စည်းစာရင်း

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)(၁)၊ ၁၁(က)(၁)၊ ၂၀(က)(၁)၊ ၂၅၊ ၂၈(က)(၅) နှင့် (၆) ]

| ရှာဖွေသော နေ့ရက် | ရုံးခန်း | ပထမသတင်းပေး တိုင်ချက် အမှတ်နှင့်ပုဒ်မ | ရှာဖွေသော နေရာ | လိပ်စာ | နေသောသူ အမည် | ရှာသောသက်သေ များ၏ အမည်များ အလုပ်အကိုင်နေရပ်များ | ရှာသောသက်သေ များ၏ လက်မှတ်များ | ရှာသောအရာရှိ၏ လက်မှတ်နှင့်အဆင့် | ရုံးခန်းစာရင်းစာအုပ် အမှတ် ၃၂ တွင် ရေးသွင်းချက် နေ့စွဲ |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |

ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| အမှတ်စဉ် | အမျိုးအမည်နှင့် အရေအတွက် | တွေ့သောနေရာမှန် အကြောင်းမျိုးစုံ | ပထမတွေ့သောသူ | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ်ကို |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | | |

(ပုံစံ - ဂ)

**လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ**

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၁)၊ ၁၅၊ ၂၀(က)(၂)၊ ၃၀(က)(၁)၊ ၃၁ ]

-----------------------------------------

-----------------------------------------

-----------------------------------------

၁။ ----------------------- ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) ဖြင့် တာဝန်ပေးအပ်ချက်အရ အောက်ဖော်ပြပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုအတွင်း သက်သေ များနှင့်အတူ ----------------------- (နေ့ရက်/ အချိန်)များတွင် ဝင်ရောက်ဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနို တည်ရာနေရပ်လိပ်စာ -----------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် -----------------------

၂။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတွင် အောက်ပါပုဂ္ဂိုလ်များသည် ----------------------- ----------------------- လောင်းကစားနေကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပါသည်-

| အမှတ်စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အလုပ်အကိုင်/ နေရပ်လိပ်စာ |
|---|---|---|---|---|
| (က) | | | | |
| (ခ) | | | | |
| (ဂ) | | | | |

၃။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုမှ အောက်ပါ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်း ရမိခဲ့ပါသည်-

(က)

(ခ)

(ဂ)

(ဃ)

၄။ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ရှာဖွေ ပုံစံ၊ ဝရမ်းတို့နှင့်အတူ ----------------------- နေ့ ----------- အချိန်တွင် ----------------------- ရဲစခန်းသို့ ပို့အပ်ပြီး ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

လက်မှတ် -----------------------

အမည် -----------------------

ရာထူး/ တာဝန် -----------------------

-----------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးပြီးနောက် အစီရင်ခံစာကို ဝရမ်း ထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီ အတွင်း တင်ပြရမည်။

[ပုံစံ-ဂ(၁)]

**လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ**

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၂)၊ ၂၂၊ ၃၀(က)(၂)]

သို့

-----------------------

-----------------------

-----------------------

၁။ ----------------------- ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) အရ အောက်ပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ သက်သေများနှင့် ----------------------- (နေ့ရက်/ အချိန်) တို့တွင် ဝင်ရောက်ရှာဖွေ ဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတည်ရာ နေရပ်လိပ်စာ -----------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် -----------------------

၂။ ထုတ်ပေးထားသော လောင်းကစားဝရမ်း သက်တမ်းအတွင်း ဖော်ပြပါလောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ အောက်ပါအကြောင်းများအရ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခဲ့ခြင်း မရှိပါ-

(က)

(ခ)

(ဂ)

၃။ လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိ၍ ဝရမ်းအတည်မဖြစ်ပါသဖြင့် ထုတ်ပေးထားသော လောင်းကစားဝရမ်းကို ပြန်လည်အပ်နှံပါသည်။

လက်မှတ် -----------------------

အမည် -----------------------

ရာထူး/ တာဝန် -----------------------

-----------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** (၁) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးသော်လည်း လောင်းကစားခြင်းကို ဖမ်းဆီး ရမိခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(၂) လောင်းကစား ဝရမ်းသက်တမ်းအတွင်း လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီး နိုင်ခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(ပုံစံ-ဃ)

**သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းကို ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ်**

[လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)(၁)၊ ၁၁(က)(၁)၊ ၂၀(က)(၁)၊ ၂၈(က)(၉)]

၁။ ----------- ခုနှစ်၊ ----------- လ၊ ----------- ရက်နေ့တွင် ----------------------- မြို့နယ်၊ ----------------------- ရပ်ကွက်/ ကျေးရွာ၊ ----------------------- လမ်း၊ အမှတ် ----------- နေ ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ----------- (ဘ) အမည် ----------------------- ၊ အသက် ----------- နှစ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -----------------------၏ နေအိမ်သို့ လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် အမှုဖြင့်သိမ်းဆည်းပြီး သယ်ယူရန်ခက်ခဲသော အောက်ပါ သက်သေခံပစ္စည်းများကို ပိုင်ရှင်ဖြစ်သူအမည် ----------------------- ၊ အသက် ----------- နှစ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ် -----------------------အား ယာယီပြန်လည်အပ်နှံရန် ကတိခံဝန်ချုပ် ချုပ်ဆို၍ လက်မှတ်ရေးထိုးပါသည်-

| အမှတ်စဉ် | ပစ္စည်း အမျိုးအမည် | ခန့်မှန်းတန်ဖိုး | တည်နေရာ | အသေးစိတ် အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂။ အထက်ပါ သိမ်းဆည်းထားသည့်ပစ္စည်းများကို ကျွန်တော်/ ကျွန်မထံ ယာယီ ပြန်လည်အပ်နှံထားသည့် အချိန်အတွင်း သက်သေခံပစ္စည်းအပ်နှံသည့် အရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ယင်းပစ္စည်းများ၏ မူလပုံသဏ္ဌာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတစ်ရပ်ရပ်ကို မပြုလုပ်ပါဟု လည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ရည်ရွယ်၍ မူလပုံသဏ္ဌာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကို မပြုလုပ်ပါဟု လည်းကောင်း ဝန်ခံကတိ ပြုပါသည်။

၃။ အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သော ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုက်ခိုက်ခံရနိုင်ဖွယ်ရှိသည်ဟူသော ခြိမ်းခြောက်မှုများကြောင့် ပင်လယ်နီတွင် သင်္ဘောများသွားလာခြင်း ခေတ္တရပ်နား



**ဆာနား ဒီဇင်ဘာ ၁၆**

ယီမင်နိုင်ငံမှ ဟူသီသူပုန်များသည် အစ္စရေးနိုင်ငံဘက်သို့ သွားလာနေသော ကုန်တင်သင်္ဘောနှစ်စင်းကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ပြောသည်။ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဖြစ်သည်ဟူသော ကြေညာချက်ကို ဒီဇင်ဘာ ၁၅ ရက်က လူမှုကွန်ရက်ပေါ်တွင် တင်ခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသမှ ပြည်သူများ လိုအပ်သည့်ဆေးဝါးနှင့် အစားအသောက်များ မရမချင်း အစ္စရေးဆိပ်ကမ်းများဆီသို့ ဦးတည်နေသည့်သင်္ဘောများကို တားဆီးမှုများပြုလုပ်သွားမည်ဟု ဟူသီဘက်မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံရသည့် သင်္ဘောနှစ်စင်းမှာ လိုက်ဘေးရီးယား အလံလွှင့်ထူထားသည့် သင်္ဘောများဖြစ်ကြသည်ဟု သင်္ဘောခြေရာခံဝက်ဘ်ဆိုက်ဖြစ်သည့် Marine Traffic က ပြောသည်။ Bab-el-Mandeb ရေလက်ကြားနှင့် အနီးနားရှိ ရေပြင်တွင် အစ္စရေးသင်္ဘောများကို လိုက်လံတိုက်ခိုက်သည်ဟု ဟူသီအုပ်စုက ပြောသည်။

အဆိုပါ ရေလက်ကြားသည် ပင်လယ်နီသို့ ဝင်ရောက်ရာလမ်းကြောင်းလည်းဖြစ်သည်။ တိုက်ခိုက်မှုခြိမ်းခြောက်ခြင်းအန္တရာယ်ကြောင့် ပင်လယ်နီနှင့် အနီးတစ်ဝိုက်တွင် ရေကြောင်းသွားလာမှုများ ရပ်ဆိုင်းရန် သင်္ဘောကုမ္ပဏီများ တွန်းအားပေးလျက်ရှိသည်။ ဒိန်းမတ်သင်္ဘောကုမ္ပဏီဖြစ်သည့် A.P. Moller-Maersk သည် အဆိုပါရေလက်ကြားတွင် သင်္ဘောသွားလာမှုကိုဆိုင်းငံ့ရန် ဒီဇင်ဘာ ၁၅ ရက်က ဆုံးဖြတ်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။

ဂျာမနီရေကြောင်းသွားလာရေး ကုမ္ပဏီသည်လည်း ပင်လယ်နီတွင် သင်္ဘောဖြတ်သန်းသွားလာခြင်းကိုဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်မြို့တော်ပြတိုက်မှ ကမ္ဘောဒီးယားနိုင်ငံပိုင် ယဉ်ကျေးမှုရတနာ ၁၄ ခုကို ပြန်လည်ပေးအပ်ရန် သဘောတူ

**ဖနောင်ပင် ဒီဇင်ဘာ ၁၆**

နယူးယောက်မြို့တော်ပြတိုက်ရှိ ကမ္ဘောဒီးယားနိုင်ငံမှ ခိုးယူခံခဲ့ရသည့် ယဉ်ကျေးမှုရတနာ ၁၄ ခုကို ပြန်လည်ရရှိရေးအတွက် နှစ်ပေါင်းအတော်ကြာ ဆွေးနွေးညှိနှိုင်းပြီးနောက် ပြန်လည်ပေးအပ်ရန် သဘောတူခဲ့ကြောင်း ကမ္ဘောဒီးယား ယဉ်ကျေးမှုနှင့်အနုပညာဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထိုသို့ ပြန်လည်ပေးအပ်ရာတွင် ကမ္ဘောဒီးယားအမျိုးသားပြတိုက်တွင် ကျန်ရှိနေသည့် အေဗာလိုကစ်သျှီဗာရာ၏ ခန္ဓာကိုယ်နှင့်ကိုက်ညီသည့် ဦးခေါင်းပိုင်းဖြစ်သော ၁၀ ရာစုခေတ်လက်ရာ ကြေးခေါင်းနှင့် ရှေးခေတ်



ဘုရင် ခို့ခါ လက်ထက် ၁၀ ရာစုခေတ်လက်ရာ နတ်ဘုရားမ (အူမာ)၏ ပန်းပုရုပ်တုကဲ့သို့သော ရင်သပ်ရှုမောဖွယ် လက်ရာမြောက်မြားစွာ ပါဝင်သည်။



ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရရှိမည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ရုပ်တု။

နယူးယောက်မြို့တော်ပြတိုက်မှ အဆိုပါ ရှေးဟောင်းပစ္စည်းများ ပြန်လည်ပေးအပ်မှုသည် ကမ္ဘောဒီးယားနိုင်ငံအတွက် သာမက လူသားမျိုးနွယ်အတွက်ပါ အရေးပါလှကြောင်း ကမ္ဘောဒီးယားနိုင်ငံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီး ဖိုအွန်ဆက်ကိုနာက ပြောကြားသည်။

အခြားသောပြတိုက်များနှင့် ပုဂ္ဂလိက စုဆောင်းသူများကလည်း ကမ္ဘောဒီးယားနိုင်ငံပိုင် ရှေးဟောင်းပစ္စည်းများကိုပြန်လည်ပေးအပ်ရန်လည်း တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတစ်ဝန်း တုပ်ကွေးရောဂါဖြစ်ပွားမှု သတိပေးချက်အဆင့် ကျော်လွန်လာ

**တိုကျို ဒီဇင်ဘာ ၁၆**

တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံကျန်းမာရေးအာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထို့အပြင် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုလျှင် ပျမ်းမျှရောဂါဖြစ်ပွားမှုမှာ သတိပေးချက်အဆင့်ကို ကျော်လွန်လာပြီဖြစ်ကြောင်း ၎င်းတို့က ဆက်ပြောသည်။

ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုမှာ နှစ်ပေါင်း ၁၀ နှစ်အတွင်း အလျင်မြန်ဆုံးအရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားနေကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့ ၅၀၀၀ ခန့်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ခုနစ်ရက်တာကာလအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသည့်လူနာ ၁၆၆၆၉၀ ရှိသည်ဟု အစီရင်ခံတင်ပြခဲ့ကြောင်း ကူးစက်ရောဂါဆိုင်ရာ အမျိုးသားအဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်းများက ပြောသည်။

အဆိုပါ ရောဂါကူးစက်ဖြစ်ပွားသည့် လူနာအရေအတွက်မှာ ယခင် သီတင်းပတ်ကထက် ကျော်လွန်လာခြင်းဖြစ်ကြောင်း သိရသည်။ ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့တစ်ခုလျှင် ပျမ်းမျှလူနာအရေအတွက်မှာ ၃၃ ဒသမ ၇၂ ရာခိုင်နှုန်းရှိသည့်အတွက် သတိပေးချက်အဆင့် ၃၀ ကို ယခုနှစ်ရာသီတွင် ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်လာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ စီရင်စု ၄၇ စုအနက် ၃၃ စုမှာ သတိပေးချက်အဆင့်ကို ကျော်လွန်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၌ အိမ်ခြေရာမဲ့လူဦးရေ စံချိန်တင်မြင့်မားလာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စုတွင် အိမ်ခြေရာမဲ့ဦးရေမှာ ၁၂ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်မားလာကြောင်း ဒီဇင်ဘာ ၁၅ ရက် အစိုးရအချက်အလက်များအရ သိရသည်။

အမေရိကန်အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကောက်ယူသောစာရင်းအရ ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း လူပေါင်း ၆၅၃၀၀၀ ခန့်မှာ အိမ်ခြေရာမဲ့ဖြစ်ခဲ့ရသည်ဟု သိရသည်။

အဆိုပါအရေအတွက်သည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၇၀၆၅၀ တိုးလာခြင်းဖြစ်ကာ ၂၀၀၇ ခုနှစ်မှ စတင်ကောက်ယူခဲ့သည့်စစ်တမ်းများအရ အရေအတွက်အများဆုံးဖြစ်သည်။

အာဖရိကန်အမေရိကန်များသည် အမေရိကန်လူဦးရေ၏ ၁၃ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အိမ်ခြေရာမဲ့ဦးရေ၏ ၃၇ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာအရ သိရသည်။

မိသားစုလိုက်အိမ်ခြေရာမဲ့ဖြစ်ပွားမှုနှုန်းမှာ ၁၆ ရာခိုင်နှုန်း မြင့်မားလာသည်။ အိမ်ရာငှားရမ်းခများ မြင့်မားလာခြင်းနှင့် ကိုဗစ် - ၁၉ ထောက်ပံ့ကြေးများ လျော့ကျလာခြင်းကြောင့်လည်း အိမ်ရာမဲ့ဖြစ်လာရခြင်းများအနက် အဓိက အကြောင်းရင်းတစ်ခုဖြစ်သည်။

**ဆင်ဟွာ**

# မော့ဆက်သူလျှိုလုပ်မှုဖြင့် အီရန်အမျိုးသားတစ်ဦးအား ကွပ်မျက်

**တီဟီရန် ဒီဇင်ဘာ ၁၆**

အစ္စရေးနိုင်ငံမှ မော့ဆက်အပါအဝင် နိုင်ငံခြားထောက်လှမ်းရေးအဖွဲ့ကိုယ်စား နိုင်ငံအပေါ် သူလျှိုလုပ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံထားရသော အမျိုးသားတစ်ဦးကို ဒီဇင်ဘာ ၁၆ ရက်တွင် အီရန်က ကွပ်မျက်ခဲ့ကြောင်း အီရန်တရားရေးဌာန၏ မီဇန်သတင်းဌာနက ဖော်ပြသည်။

အဆိုပါကွပ်မျက်မှုကို စစ္စတန်နှင့် ဘလိုချီစတန်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ဇဟီဒန်မြို့တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာက ပြောကြားထားသော်လည်း ပြစ်ဒဏ်ချမှတ်ခံရသူ၏ အထောက်အထားနှင့် ကွပ်မျက်သည့်အချိန်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

၎င်းသည် အချက်အလက်များကို ခွဲခြားစုဆောင်းပြီးနောက် မော့ဆက်ကို ပေးအပ်ကာ အီရန်နိုင်ငံ၏ဥပဒေကို နှောင့်ယှက်ရန်နှင့် အီရန်ဆန့်ကျင်ရေးအုပ်စုများနှင့်အဖွဲ့အစည်းများကို မျက်နှာသာပေး ဝါဒဖြန့်ရန် အသုံးချခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အဆိုပါ အမျိုးသားသည် သေဒဏ် ချမှတ်ခံရပြီးနောက် နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း မီဇန်သတင်းဌာနက ဖော်ပြထားသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၁ လအတွင်း ရော်ဘာတင်ပို့မှုမှ ကန်ဒေါ်လာ ၄၄၅ ဒသမ ၄ သန်း ရရှိ

**ဖနောင်ပင် ဒီဇင်ဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၁ လအတွင်း ရော်ဘာခြောက် ၃၃၄၁၇၆ တန် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလက ၃၂၂၅၈၆ တန်သာ တင်ပို့နိုင်ခဲ့သည့်အတွက် ၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ရော်ဘာအထွေထွေညွှန်ကြားမှု ဦးစီးဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄၅ ဒသမ ၄ သန်း ရရှိခဲ့သော်လည်း ယခင်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၄၆၅ ဒသမ ၈ သန်းရရှိခဲ့သည့်အတွက် ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား နိုင်ငံသည် ကုန်ပစ္စည်းများကို အဓိကအားဖြင့် မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ကြောင်း၊ လက်ရှိအချိန်အထိ စုစုပေါင်းဧရိယာ ၄၀၇၁၇၂ ဟက်တာပေါ်တွင် ရော်ဘာပင်များကို စိုက်ပျိုးထားကြောင်းနှင့် ၎င်းတို့အနက် ၃၂၀၁၈၄ ဟက်တာ သို့မဟုတ် ၇၈ ဒသမ ၆ ရာခိုင်နှုန်းမှာ ရော်ဘာစေးထုတ်ယူနိုင်သည့် သက်တမ်းအရွယ်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# မေတ္တာလွှမ်းသော မိသားစုထမင်းဝိုင်း

သိန်းထွန်း (IR)

**ပျော်ရာမှာမနေ တော်ရာမှာနေရသူဆိုတော့ ရန်ကုန်မှာလာပြီး အလုပ်လုပ်နေတာ သုံးလကျော်ပြီ။ ကျွန်တော့်အလုပ်က ရန်ကုန်မှာဆိုပေမယ့် ကလေးတွေက ကျောင်းတစ်ဖက်နဲ့မို့ မိသားစုကို ကျွန်တော်တို့ မြို့မှာပဲ ထားခဲ့ရတယ်။ ရန်ကုန်မှာ တစ်ယောက်တည်းပဲပေါ့။ အဲဒီလို မိသားစုနဲ့ခွဲပြီးနေရတဲ့ဘဝက ကျွန်တော့်အတွက် အထူးအဆန်းမဟုတ်တော့ပါဘူး။ သားသမီးတွေ သိတတ်စအရွယ်ကတည်းက အခုလိုပဲ မိသားစုနဲ့ နီးလိုက်ဝေးလိုက်။ အရင်ကတော့ မိသားစုနဲ့ခွဲနေရတာကို သိပ်သတိမထားမိခဲ့ဘူး။ အသက်အရွယ်လေးရလာမှ သတိထားမိတာတွေရှိလာတယ်။**

အခုလည်း ရန်ကုန်မှာ အလုပ်လုပ်ရပြီဆိုတော့ မိသားစုနဲ့ ခွဲရပြန်ပြီပေါ့။ ဘာလိုလိုနဲ့ ရန်ကုန်ရောက်တာ သုံးလကျော်ပြီ။ နေထိုင်ရေးအတွက် ပူစရာမလိုဘူး။ ရုံးက နေစရာအခန်းပေးတယ်။ ကျွန်တော်နေတဲ့အဆောက်အအုံမှာ ရုံးကဧည့်သည်တွေတည်းဖို့အတွက် အိပ်ခန်းတွေအများကြီးရှိတယ်။ ကျွန်တော့်လို မိသားစုမပါတဲ့ဝန်ထမ်းတွေနေဖို့အတွက် အဲဒီမှာ စီစဉ်ပေးထားတယ်။ လတ်တလော အဆောင်မှာနေတာက ကျွန်တော်နဲ့ တခြားတစ်ယောက်ပဲရှိတယ်။ ကျန်တဲ့သူတွေကတော့ ရုံးကိစ္စအတွက် နယ်ကနေ ရန်ကုန်ကိုလာတဲ့ ဧည့်သည်တွေပဲရှိတယ်။ သူတို့က ခဏတည်းလိုက်၊ ပြန်သွားလိုက်နဲ့။ အမြဲရှိမနေကြဘူး။ အဆောင်မှာ ကျွန်တော့်လို အမြဲနေနေတဲ့ တခြားတစ်ယောက်က အလုပ်များတဲ့သူဆိုတော့ အဆောင်မှာမရှိတာကများတယ်။ ဒီတော့ အဆောင်မှာ ကျွန်တော်တစ်ယောက်တည်းပဲနေတာများပါတယ်။

ကျွန်တော့်အလုပ်က မနက် ၈ နာရီအရောက် ရုံးသွားရတော့ ၅ နာရီခွဲရင် အိပ်ရာထ၊ ထမင်းအိုးတည်၊ ပြီးရင် ရေချိုး၊ ဘုရားရှိခိုး။ ပြီးရင် ရုံးသွားဖို့ပြင်စရာရှိတာပြင်ပေါ့။ ရုံးမသွားခင် မနက်စောစောကို မနက်ကချက်တဲ့ထမင်းကို အိမ်ကယူလာတဲ့ဟင်းနဲ့ စားလိုက်တယ်။ ရုံးကို ထမင်းချိုင့်ထည့်ရင်လည်း အိမ်ကယူလာတဲ့ အခြောက်အခြမ်းဟင်းကိုပဲ ထည့်ယူသွားတယ်။ ညနေရုံးက ပြန်ရောက်ရင် ဟင်းထပ်မချက်ဖြစ်တာများတယ်။ ပုံမှန်ကတော့ ရှိတဲ့ဟင်းနဲ့ပဲ စားလိုက်တာပဲ။ တစ်ခါတလေမှ အပြင်ကဟင်း ဝယ်စားဖြစ်တယ်။ ဟင်းရည်သောက်ကိုတော့ စွန်တန်ခြောက်ကို ရေနွေးနဲ့ ချဉ်စပ်ဟင်းရည်လုပ်လိုက်ရင်ရပြီ။ ချဉ်စပ်ဟင်းရည်က ကိုယ်ပဲကြိုက်လို့ပဲလားမသိဘူး၊ စားလို့ အဆင်ပြေတယ်။ အဲဒီလိုနေလာတာ သုံးလကျော်ပြီ။

**ထမင်းဝိုင်းရဲ့ အရသာ**

အခုနောက်ပိုင်း ဒီလိုချည်း နေ့တိုင်းစားနေရတော့ ထမင်းစားချိန်ဆို စိတ်က ထွေလာတယ်။ ထမင်းစားချင်စိတ်ကိုမရှိဘူး။ ကိုယ့်မှာရှိတာလေးတွေ မစားချင်လို့ရှိရင် အဆောင်နားက ထမင်းဆိုင်လေးတွေမှာ သွားစားလည်းရတယ်။ ပါဆယ်ဝယ်လည်းရတယ်။ အသား၊ ငါး၊ အသီးအရွက် အတော်ဖွယ်ဖွယ်ရာရာ တွေ့ရတယ်။ ရောက်ခါစကတော့ ဝယ်စားဖြစ်သေးတယ်။ အပြောင်းအလဲဖြစ်အောင် စားချင်တဲ့ဟင်းအမယ်တွေဝယ်စားပေ့ါ။ နောက်ပိုင်း အဲဒီဟင်းတွေလည်း မစားချင်တော့ဘူး။ ကြာတော့ ထမင်းစားချိန်ဆို စိတ်ညစ်လာတယ်။ ဟင်းကောင်းတာ မကောင်းတာနဲ့မဆိုင်ဘူး။ ထမင်းစားချင်စိတ်ကို မရှိဘူးဖြစ်နေတာ။ ထမင်းစားလို့မြိန်တယ်ဆိုတာက ဟင်းကောင်းတွေချည်း နေ့တိုင်းစားနေရမှ မဟုတ်ဘူး။ ဟင်းအစပ်အဟပ်တည့်ရင် စားလို့မြိန်တယ်။ ထမင်းသိပ်ဆာနေတဲ့အချိန် ဘာဟင်းနဲ့ဖြစ်ဖြစ် စားလိုက် ... စားလို့ကောင်းပြန်ရော။ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးလိုပဲ။ နောက်ပြီး တစ်ယောက်တည်း ထမင်းစားရတာက မိသားစုနဲ့ ထမင်းလက်ဆုံစားရသလို စိုစိုပြည်ပြည်မဟုတ်ဘူး။ ထမင်းဝိုင်းက တိတ်ဆိတ်ခြောက်သွေ့နေတယ်။ ဗိုက်ဆာလို့သာ စားလိုက်ရတယ်။ တာဝန်အရ စားရသလိုပဲ။ ဗိုက်ပြည့်ပြီးရော။ ဘာအရသာမှ



မရှိဘူး။ အဲဒီတော့ ဟင်းတွေပြောင်းပြီးစားလည်း ထမင်းဝိုင်းရဲ့ အရသာကတော့ ပြောင်းမသွားဘူး။

ကျွန်တော်တို့ ငယ်ငယ်ကဆို မေမေက ဟင်းချက်ရင် သေချာစီစဉ်ချက်ပေးတယ်။ သေချာစီစဉ်ချက်ပေးတယ်ဆိုတာက ဟင်းကောင်းတွေပဲ ချက်ပေးတယ်လို့ ပြောတာမဟုတ်ဘူး။ မေမေက ဟင်းကို ပတ်ပတ်နပ်နပ်လေးနဲ့ အစပ်အဟပ်တည့်အောင် စီစဉ်ချက်ပေးတာကို ပြောတာပါ။ အဲဒီတော့ မောင်နှမတစ်တွေ ခေါင်းမဖော်နိုင်အောင် လွေးကြပြီပေ့ါ။ အသားဟင်းမပါလည်း တော်ဓလေ့အတိုင်းရှိတဲ့ ဟင်းလေးနဲ့ မိသားစုဝိုင်းစားကြတာ မြိန်လည်းမြိန်၊ ပျော်စရာလည်းကောင်း။ ဘယ်အချိန်ပြန်တွေးတွေး လွမ်းစရာထမင်းဝိုင်းလေးပါ။

**မိသားစုထမင်းဝိုင်း**

အိမ်မှာက ဖေဖေ၊ မေမေနဲ့ မောင်နှမခြောက်ယောက်ရှိတယ်။ ထမင်းဝိုင်းစားရင် တပျော်တပါးကြီး။ ဟင်းချက်ရင် မေမေပဲ စီစဉ်တာများပါတယ်။ အိမ်ရှင်မဆိုတော့ စီးတဲ့ရေဆယ်တဲ့ ကန်သင်း၊ မကုန်သင့်တာမကုန်အောင်၊ အဖိတ်အစဉ် အလေအလွင့်မရှိအောင်၊ ဟင်းအစပ်အဟပ်တည့်အောင် ချက်ပေးတယ်။ လူရှစ်ယောက်စာအတွက် ဆန် နို့ဆီဘူး ဘယ်နှဘူးချက်ရမယ်၊ အသားဟင်းဆိုရင် တစ်ယောက်ကို ဘယ်နှတုံး ရမယ်ဆိုတာကအစ တွက်ပြီးမှချက်တာ။ အသားတုံးရင်လည်း အားလုံးအညီအမျှပဲ။ အသားတုံးမညီရင် မောင်နှမတွေ လုနေကြမှာလေ။ ဒီတော့ ချိန်ခွင်နဲ့မချိန်ရုံတစ်မယ် ပိုင်းထားလိုက်တာများ ငြင်းစရာကိုမလိုတာ။ အဲဒီလိုချက်မှလည်း မောင်နှမများတဲ့ထမင်းဝိုင်းမှာ အဆင်ပြေမှာ မဟုတ်လား။ ထမင်းစားမယ်ဆိုရင် ဟင်းလောက်ငအောင်လို့ အားလုံးစုပြီး စားခိုင်းတယ်။ တစ်ယောက်တစ်ပေါက် စားနေရင် ဟင်းက မလောက်မငဖြစ်မှာ။ ဖေဖေနဲ့အစ်ကိုကြီးအတွက်ကို မေမေက ဟင်းခွက်နဲ့ သီးသန့်ခပ်ထားပေးထားတယ်။ ဖေဖေနဲ့ အစ်ကိုကြီးက အိမ်ရဲ့အိမ်ဦးနတ် မဟုတ်လား။ ဒီတော့ ဟင်းကို ဦးဦးဖျားဖျား ခပ်ပေးထားတယ်။

နေ့ခင်းထမင်းစားချိန်မှာ ဖေဖေနဲ့အစ်ကိုကြီးက အလုပ်ကြောင့် မအားတာကလွဲရင် ကျန်တဲ့မိသားစုတွေ ဝိုင်းစားကြတယ်။ ညနေပိုင်းထမင်းစားရင်တော့ မိသားစုအကုန်ပါတယ်။ မိသားစုအားလုံး ထမင်းဝိုင်းစားအောင် မေမေက ပြောထားပြီးသား။ တစ်ယောက်ယောက်က ထမင်းစားမယ်ဆို ကျန်တဲ့သူတွေပါ တစ်ခါတည်းစားဖို့ မေမေက ပြောတယ်။ မဖြစ်မနေ တစ်ယောက်ချင်းစားရမယ်ဆိုရင် တစ်ယောက်ကို ဟင်းဘယ်နှတုံးထည့်စားလို့ မေမေက တစ်ခါတည်းပြောလိုက်တယ်။ ပုံမှန်ကတော့ နှစ်တုံးပဲ။ မေမေအားရင် သူကိုယ်တိုင် ဟင်းထည့်ပေးတယ်။ ဟင်းထည့်ပေးရင်း ပြောလိုက်သေးတယ်။ အသားတုံးထပ်မတောင်းနဲ့၊ ဟင်းအနှစ်လိုချင်ရင် ထပ်ယူတဲ့။ အပြတ်ပဲ။ အဲဒီတော့ အားလုံး အညီအမျှ စားရတယ်၊ ထမင်းစားပြီးရင်လည်း ပိုလို့ကျန်နေတာ၊ မကုန်လို့ လွှင့်ပစ်လိုက်ရတာ မရှိဘူး။ မိသားစုအားလုံး အတူတူစားရင် ဖေဖေနဲ့ အစ်ကိုကြီးဟင်းလည်း ပေါင်းပြီးစားတယ်။ အဲဒါဆို ကျွန်တော်တို့အကြိုက်ပဲ။ ဖေဖေနဲ့အစ်ကိုကြီးက သူတို့ဟင်းကို ကျွန်တော်တို့ကို ထည့်ပေးတာကိုး။ ကျွန်တော်တို့ရတဲ့ဟင်းတုံးရော ဖေဖေတို့ပေးတဲ့ ဟင်းတုံးရောဆိုတော့ ကျွန်တော်တို့မောင်နှမ အချင်းချင်းမျက်စပစ်ပြီး စားတော့တာပဲ။ အဲဒါဆို ဖေဖေနဲ့မေမေက သဘောကျပြီး ပြုံးပြုံးကြီး ကြည့်နေတာ။ ကျွန်တော်တို့ သိတတ်စအရွယ်ကတည်းက မိသားစုနဲ့ ထမင်းဝိုင်းစားနေကျဆိုတော့ ကျွန်တော်တို့တစ်တွေ အရွယ်ရောက်လာတော့လည်း မိသားစုနဲ့ဝိုင်းစားတာက အိမ်ရဲ့ဓလေ့တစ်ခုလို ဖြစ်နေတယ်။ ထမင်းဝိုင်းမှာ မိသားစုဝင်တစ်ယောက်ယောက်များမပါရင် တစ်ခုခုလိုနေသလိုပဲ။ ဟာတာတာနဲ့။

**အဖိုးဖြတ်မရတဲ့ ဟင်းတစ်ခွက်**

ကျွန်တော်တို့အိမ်မှာ မိသားစုထမင်းဝိုင်းစားရင် အတော်ပျော်စရာကောင်းတယ်။ မောင်နှမတစ်တွေ စလိုက်ပြောင်လိုက်နဲ့။ အဲဒီအချိန်မှာ ဖေဖေ၊ မေမေတို့က အမြင်မတော်တာရှိရင် ဆုံးမကြ၊ သင်ပေးကြ။ အစ်ကိုကြီးကလည်း ပြောစရာရှိတာပြော။ ကျွန်တော်တို့အစ်ကိုကြီးဆိုတာက မောင်နှမခြောက်ယောက်မှာ အကြီးဆုံး။ ဖေဖေ၊ မေမေပြီးရင် အကြောက်ရဆုံး။ အကြီးဆုံးလည်း ပီသတယ်၊ ညီငယ်ညီမငယ်တွေကိုလည်း ချစ်လိုက်တာ၊ အလိုလည်း လိုက်ရဲ့၊ အမြင်မတော်လည်းရိုက်ရဲ့။ အဲဒီတော့ ချစ်ကြောက်ရိုသေပေ့ါ။ ထမင်းဝိုင်းလူစုံရင် မိသားစုကိစ္စ၊ ကျွန်တော်တို့ ကျောင်းကိစ္စတွေ ပြောကြပေ့ါ။ အခုနေ ပြန်တွေးကြည့်တော့ အော် ... မိသားစုထမင်းဝိုင်းမှာ မိသားစုသံယောဇဉ်၊ မောင်နှမသံယောဇဉ်တွေ အများကြီးရခဲ့တာပါလား လို့လေ။ မိသားစုသံယောဇဉ်က ထမင်းဝိုင်းရဲ့ အဖိုးဖြတ်မရတဲ့ ဟင်းတစ်ခွက်ဆိုရင်လည်း မမှားပေဘူး။

အရွယ်ရောက်လာတော့ မောင်နှမတစ်တွေလည်း ကိုယ့်အိုးကိုယ့်အိမ်၊ သူ့အိုးသူ့အိမ် သူ့မိသားစုနဲ့ဖြစ်သွားကြတော့ ကျွန်တော်တို့မိသားစုထမင်းဝိုင်းမှာ လူမစုံတော့ဘူး။

ကျွန်တော်တို့ မိသားစုထမင်းဝိုင်းလေးဟာ ကျွန်တော်တက္ကသိုလ်ပြီးတဲ့အချိန်အထိ မိသားစုစုံစုံလင်လင်ပါပါပဲ။ မိသားစုထမင်းဝိုင်း မပျက်ခဲ့ဘူး။ ကျွန်တော်တက္ကသိုလ်ပြီးလို့ လုပ်ငန်းခွင်ဝင်လိုက်တဲ့အချိန်မှာ အလုပ်က တစ်နယ်တစ်ကျေး အဝေးမို့ မိသားစုနဲ့ ကျွန်တော်စတင်ခွဲခွာခဲ့ရပါတယ်။ အဲဒီအချိန်ကစလို့ မိသားစုထမင်းဝိုင်းနဲ့ ကျွန်တော် စတင်ဝေးကွာသွားခဲ့တာပါ။ ဖေဖေ၊ မေမေနဲ့ ကျန်တဲ့မောင်နှမတစ်တွေကတော့ အရင်အတိုင်းပဲပေ့ါ။ မိသားစုတစ်တွေ ထမင်းလက်ဆုံစားနေကျစမြဲ။ နွေးထွေးနေကျဆဲပဲ။ မိသားစုထမင်းဝိုင်းနဲ့ ဝေးကွာနေတဲ့ ကျွန်တော့်ရဲ့ လက်တစ်စုံကတော့ မီးဝေးချိပ်လို အေးစက်နေခဲ့ပါတယ်။

**အမှတ်ရစရာ မိသားစုပုံရိပ်တွေ**

အဲဒီအချိန်ကတည်းက မိသားစုထမင်းဝိုင်းနဲ့ ဝေးကွာခဲ့တဲ့ ကျွန်တော်ဟာ ရံဖန်ရံခါ အိမ်ပြန်ရောက်မှ ထမင်းဝိုင်းထဲ ဝင်နိုင်ပါတော့တယ်။ ဒါပေမယ့် မိသားစုမစုံတော့ပါဘူး။ ဖေဖေ၊ မေမေနဲ့ အစ်ကိုကြီးတို့က ဘဝသံသရာရထားကြီးပေါ်ကနေ ထာဝရဆင်းသွားခဲ့ကြပါပြီ။ အိမ်ထောင်ကျတဲ့ မောင်နှမတွေကလည်း သူ့အိုး သူ့အိမ် သူ့မိသားစုနဲ့ မိသားစုထမင်းဝိုင်းဖြစ်နေပါပြီ။ တွေ့ကြုံ၊ ဆုံကွဲဆိုတာက လူတိုင်းကြုံတွေ့ကြရတဲ့ လောကဓမ္မတာပါ။ ရှောင်ကွင်းလို့ မရပါဘူး။

*စာမျက်နှာ ၁၇ သို့*

**“မိတ်ဆွေမိသားစုရဲ့ ထမင်းဝိုင်းလေးမှာပါ။ မိသားစုလေးယောက်သား ထမင်းဝိုင်းမှာ အတူတူစားနေကြပါတယ်။ ကိုယ်စီက ထမင်းစားရင်း ဖုန်းကြည့်နေကြပါတယ်။ ထမင်းစားလိုက် ဖုန်းကြည့်လိုက်နဲ့။ ထမင်းဝိုင်းက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဖုန်းကြည့်မပျက်ကြဘူး။ စကားကလည်း တစ်ယောက်နဲ့တစ်ယောက် မေးထူးပြန်ဖြေ တစ်ခွန်းစ နှစ်ခွန်းစ လောက်ပဲ။ နီးလျက်နဲ့ဝေးရတဲ့ ထမင်းဝိုင်းလိုပါပဲ။ ခေတ်ရေစီးထဲက ဓလေ့တစ်ခုလား မပြောတတ်ဘူး။ အဲဒီလို ဆိုပြန်တော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ မိသားစုထမင်းဝိုင်းဆိုတာလေးကို ပြန်စဉ်းစားကြည့်မိတယ်။ ကြည်နူးစရာ ကောင်းလိုက်တာ၊ နွေးထွေးတဲ့မိသားစုဘဝအချိန်တစ်ခုဆိုရင်လည်း မမှားပေဘူး”**

# မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်အတွက် လုံခြုံရေးအစီအစဉ်များ စနစ်တကျဆောင်ရွက်ထား

**ရန်ကုန်  ဒီဇင်ဘာ ၁၆**

မကြာမီကျင်းပမည့် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် လုံခြုံရေးအစီအစဉ်များကို စနစ်တကျဆောင်ရွက်ထားကြောင်း ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ သိရသည်။

"တပို့တွဲလဆန်း ၅ ရက်မှာ ဖွင့်ပွဲကျင်းပမယ်။ ကိုဗစ်ကာလတုန်းကလည်း ပွဲတော်အနေနဲ့ ကျင်းပတာမဟုတ်ပေမယ့် အစဉ်အလာမပျက်ဘဲ အထက်စက်တော်ရာနဲ့ အောက်စက်တော်ရာတွေကို ဖွင့်ပြီး အပူဇော်ခံတာမျိုး လုပ်တာရှိတယ်။ အခုဖွင့်ပွဲနဲ့ အတူလုပ်မယ်။ အောက်စက်တော်ရာ အရင်ဖွင့်မယ်၊ ပြီးမှ အထက်စက်တော်ရာဖွင့်မယ်။ ပြီးရင် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဆို ပြန်ပိတ်မယ်။ ဘုရားဖူးပြည်သူတွေအတွက်တော့ လုံခြုံရေးအစီအစဉ်တွေ စနစ်တကျ ဆောင်ရွက်ထားပါတယ်"ဟု မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်ကာ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း၊ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်နေပြီး ဘုရားဖူးများအား သတ်မှတ်ထားသည့် တည်းခိုဆောင်များတွင် ညအိပ်တည်းခိုခွင့်ပြုရန် စီစဉ်ဆောင်ရွက်ထားကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီမှ သိရသည်။

"အခုနှစ်လည်းပုံမှန်ပါပဲ။ တည်းခိုခန်း အလုံးပေါင်း ၈၀၀ လောက်နဲ့ ဈေးဆိုင်ခန်းက ၄၀၀ ခန့်လောက်ပေါ့၊ စပါယ်ရှယ်ခန်းတွေပါမယ်။ သာမန်ခန်းတွေပါမယ်"ဟု စကုမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ရက်ပေါင်း ၈၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ရက်အရှည်ကြာဆုံး သမိုင်းဝင်ဘုရားပွဲတော်ကြီးဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ နှစ်စဉ်စည်ကားများပြားစွာ လာရောက်ဖူးမြော်လေ့ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကလည်း ကိုဗစ်စည်းကမ်းချက်များနှင့်အညီ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



ယခုနှစ် မတ်လအတွင်း ကျင်းပသည့် မန်းရွှေစက်တော်ဘုရားပွဲတွင် ဘုရားဖူးများ စည်ကားစွာတွေ့ရစဉ်။

"ဘုရားဖူးရင်း တောတောင်ရေမြေသဘာဝကို တွေ့ရတော့ လာကြတာပေါ့။ မြန်မာနိုင်ငံမှာ အထင်ကရကျင်းပတဲ့ ရက်ရှည်ဘုရားပွဲတော်လည်း ဖြစ်တယ်။ ပွဲတော်ကို တစ်နိုင်ငံလုံးက ပုံမှန်လာကြတယ်။ ဒါပေမယ့် သီးသန့်ခရီးသွားလုပ်ငန်းအနေနဲ့ ရှိနေတာတော့ မဟုတ်ဘူး။ ဘုရားဖူးအနေနဲ့ လာကြတာ"ဟု ခရီးသွားလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သစ်တော်**

**ဓာတ်ပုံ -ဇေယျာထက်(မင်းဘူး)**

# ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမား ၁၀၀၀ ဝန်းကျင်ခန့် ထပ်ခေါ်

**ရန်ကုန်  ဒီဇင်ဘာ ၁၆**

ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်က မြန်မာအလုပ်သမားဦးရေ ၁၀၀၀ ဝန်းကျင်ခန့် ခေါ်ယူမည်ဟု ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်လိုက်ပြီး ဂျပန်နိုင်ငံမှ မြန်မာလုပ်သားခေါ်ယူမှု သိသိသာသာမြင့်တက်နေကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီများထံမှ သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာသံရုံးက စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၃၅၅ ခုအရ မြန်မာအလုပ်သမား အမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၆၀၀ ကျော် စုစုပေါင်း ဦးရေ ၁၀၀၀ ဝန်းကျင်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ မြန်မာလုပ်သားခေါ်ယူမှုသည် ၂၀၂၂ ခုနှစ် မတ်လမှစ၍ သိသိသာသာမြင့်တက်လာခဲ့ပြီး တစ်နှစ်ခွဲကာလအတွင်း မြန်မာလုပ်သားစေလွှတ်မှုသုံးသောင်းဝန်းကျင်ခန့်ရှိပြီဟု ပြည်ပအလုပ်အကိုင်အေဂျင်စီများထံမှ သိရသည်။



ယခုနှစ် မေလအတွင်းက ဂျပန်နိုင်ငံသို့ သွားရောက်ကြသည့် မြန်မာအလုပ်သမားများ။

"ကိုဗစ်မတိုင်ခင်က မြန်မာလုပ်သားခေါ်ယူမှု တော်တော်လေး နည်းခဲ့တယ်။ ၂၀၂၂ မတ်လလောက်ကနေစပြီးတော့ မြန်မာလုပ်သားတွေ ပို့ရတဲ့အရေအတွက်က တော်တော်များလာတယ်။ တစ်နှစ်ခွဲကျော် အတွင်းမှာ သုံးသောင်းလောက်ရှိသွားပြီ။ အရင်တုန်းကဆို တစ်နှစ်ကို သုံးထောင်၊ လေးထောင်လောက်ပဲပို့ရတာ၊ အခု တော်တော်များလာတာပေါ့"ဟု ပြည်ပအလုပ်အကိုင်အေဂျင်စီ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သံရုံးထုတ်ပြန်ချက်အရ မြန်မာသံရုံး(တိုကျိုမြို့)အနေဖြင့် အလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် အလုပ်ကမ်းလှမ်းစာ (Demand Letter) များကို အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့စိစစ်ဆောင်ရွက်ရာတွင် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့် စက်ရုံ/ကုမ္ပဏီများသည် ဂျပန်နိုင်ငံတွင် တရားဝင်တည်ထောင်ထားခြင်း ရှိ/မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး စိစစ်တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်မှ ၃၀ ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၂၈၈ ခုတွင် မြန်မာအလုပ်သမား အမျိုးသား အမျိုးသမီး စုစုပေါင်း ဦးရေ ၈၀၀ ကျော် ခေါ်ယူခဲ့ကြောင်း မြန်မာသံရုံး(တိုကျိုမြို့)က ထုတ်ပြန်ခဲ့သည်။

**MT**

*စာမျက်နှာ ၁၆ မှ*

ဒါပေမယ့် တွေ့ဆုံကြုံကြိုက်လို့ အတူနေကြရတဲ့ အချိန်ခဏလေးမှာ ဘယ်လောက်ချစ်ခင်ခဲ့ကြတယ်၊ နွေးထွေးခဲ့ရတယ်၊ ကြည်နူးခဲ့ရတယ်၊ ပျော်ရွှင်ခဲ့ရတယ်၊ မေတ္တာတွေ မျှဝေပေးနိုင်ခဲ့ကြတယ် ဆိုတာက အမှတ်ရစရာ မိသားစုပုံရိပ်တွေနဲ့ ချစ်စရာဓလေ့တွေပဲ မဟုတ်လား။

အခုဆို ကျွန်တော့်ရဲ့မိသားစုမှာ စုစုပေါင်း လေးယောက်ရှိပါတယ်။ ဒါပေမယ့် လေးယောက်လုံး ထမင်းလက်ဆုံစားဖို့ မနည်းလုပ်ယူနေရတယ်။ ဇနီးဖြစ်သူက အိမ်မှာအမြဲရှိပေမယ့် ကျွန်တော်က အလုပ်ကိစ္စနဲ့ ထမင်းစားချိန် အိမ်မှာမရှိ၊ သမီးနှစ်ယောက်ကလည်း ကျောင်းသွား၊ ကျူရှင်သွားနဲ့ အိမ်မှာညွှေ့သည်လိုပဲ။ ကျောင်းနဲ့ ကျူရှင်ပြီးလို့ အိမ်ပြန်ရောက်တော့ ည ၉ နာရီကျော်နေပြီ။ မိသားစုအကုန်လုံး မျက်နှာချင်းဆိုင်တဲ့အချိန်က ခဏပဲ။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ မိသားစုအားလုံးစုံလားဆိုတော့ ဒီလိုပဲမထူးပါဘူး။ ခေတ်က အရင်လိုမဟုတ်တော့ဘူး။ မိသားစုစားဝတ်နေရေးက အိမ်ထောင်ဦးစီးလုပ်စာတစ်ခုတည်းနဲ့ မလုံလောက်နိုင်တော့ဘူး။ လက်လှုပ်မှ ပါးစပ်လှုပ်ရမယ့်အခြေအနေ။

သားသမီးတွေကလည်း မိုးလင်းကတည်းက ထမင်းချိုင့်နဲ့ ကျောင်းသွားလိုက်ကြတာ အိပ်ချိန်မှ အိမ်ပြန်ရောက်တော့တယ်။ ခေတ်အခြေအနေတွေက အဲဒီလိုပြောင်းသွားပြီ။ မိသားစုအားလုံး လက်ဆုံထမင်းစားဖို့မပြောနဲ့၊ မျက်နှာချင်းဆိုင်ဖို့တောင် မနည်းအချိန်လုနေရတယ်။ ဒါတောင် အမေလုပ်တဲ့သူက စီးပွားရှာရင် ပိုဆိုးသေး။ သူဝင်ကိုယ်ထွက်နဲ့ အိမ်မှာ မိသားစု စုံကိုမစုံနိုင်ဘူး။

အဲဒီလိုအခြေအနေအောက်မှာ ကျွန်တော်ဟာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မိသားစုနဲ့ဝေးရာမှာ အခုချိန်ထိ ကျင်လည်နေရဆဲပဲ။ ဒီတော့ ကျွန်တော်တို့မိသားစုရဲ့ ထမင်းဝိုင်းလေးဟာ လူစုံလိုက်၊ မစုံလိုက်နဲ့ပဲ ရှိသေးတယ်၊ ကျွန်တော်က သပ်သပ်၊ မိသားစုသုံးယောက်က သပ်သပ်နဲ့။ အခု ရန်ကုန်မှာ အလုပ်လုပ်တော့လည်း ထိုနည်းလည်းကောင်းပဲပေါ့။ မိသားစုမစုံတဲ့ ထမင်းဝိုင်းက ကျွန်တော့်အတွက် တိတ်ဆိတ်လွန်း၊ ခြောက်သွေ့လွန်း၊ အရသာကင်းမဲ့လွန်းလှပါတယ်။ နေ့လယ် ရုံးမှာထမင်းစားရင် နည်းနည်းတော်သေးတယ်ပြောရမယ်။ ထမင်းစားချိန်ဆို ဝိုင်းဖွဲ့ပြီးစားကြတယ်။ ဝိုင်းဖွဲ့စားကြတော့ ထမင်းဝိုင်းလေးက စိုစိုပြည်ပြည်နဲ့။ တစ်ယောက်နဲ့တစ်ယောက် ပြောလိုက်ဆိုလိုက်၊ နောက်လိုက်စလိုက်နဲ့ ရင်းရင်းနှီးနှီးစားဖြစ်ကြတယ်။ နွေးထွေးတဲ့ အသိုက်အဝန်းလေးတစ်ခုလို ခံစားရတယ်။ ရုံးမှာ ထမင်းစုစားရင်းနဲ့တောင် ပြောဖြစ်ခဲ့သေးတယ်။ ကျွန်တော်တို့အိမ်က မိသားစုထမင်းဝိုင်းကို သတိရလိုက်တာလို့။

## နီးလျက်နဲ့ဝေးရတဲ့ ထမင်းဝိုင်း

အဲဒါနဲ့ဆက်စပ်ပြီး ခေတ်ရဲ့ပုံရိပ်တစ်ခုလို့ ဆိုရမယ့် မကြုံစဖူး ကြုံမိတာလေးတွေ့မိသေးတယ်။ မိတ်ဆွေမိသားစုရဲ့ ထမင်းဝိုင်းလေးမှာပါ။ မိသားစုလေးယောက်သား ထမင်းဝိုင်းမှာ အတူတူစားနေကြပါတယ်။ ကိုယ်စီက ထမင်းစားရင်း ဖုန်းကြည့်နေကြပါတယ်။ ထမင်းစားလိုက် ဖုန်းကြည့်လိုက်နဲ့။ ထမင်းဝိုင်းက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဖုန်းကြည့်မပျက်ကြဘူး။ စကားကလည်း တစ်ယောက်နဲ့တစ်ယောက် မေးထူးပြန်ဖြေ တစ်ခွန်းစနှစ်ခွန်းစလောက်ပဲ။ နီးလျက်နဲ့ဝေးရတဲ့ ထမင်းဝိုင်းလိုပါပဲ။ ခေတ်ရေစီးထဲက ဓလေ့တစ်ခုလား မပြောတတ်ဘူး။

အဲဒီလိုဆိုပြန်တော့ ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ မိသားစုထမင်းဝိုင်းဆိုတာလေးကို ပြန်စဉ်းစားကြည့်မိတယ်။ ကြည်နူးစရာကောင်းလိုက်တာ၊ နွေးထွေးတဲ့ မိသားစုဘဝအချိန်တစ်ခုဆိုရင်လည်း မမှားပေဘူး။ မိဘနဲ့သားသမီး၊ ညီအစ်ကို မောင်နှမတွေအကြား မိသားစုစိတ်ဓာတ်ဖြစ်ဖို့ဆိုတာ တည်ဆောက်ယူရတာတွေရှိပါတယ်။ မိသားစုဆိုတာက ဘဝသံသရာရထားကြီးပေါ်က ခရီးသည်တွေဆိုပေမယ့် အရင်းနှီးဆုံးခရီးသည်တွေပါ။ ဒါပေမယ့် မိသားစု၊ မောင်နှမသားချင်း ဘယ်လောက်ပဲရင်းပါတယ်ပြောပြော၊ အနေဝေးရင် စိမ်းသွားတတ်တာ၊ အေးသွားတတ်တာ သဘာဝပဲလေ။ အဲဒီတော့ မိသားစုစိတ်၊ မောင်နှမသားချင်းစိတ်ဖြစ်ဖို့က အနေနီးတာ၊ ဝေးတာအပြင် မေတ္တာနှောင်ဖွဲ့တာတွေနဲ့ တည်ဆောက်ယူရတာလို့ ထင်တာပဲ။

အဲဒီလို မေတ္တာအနွေးဓာတ်တွေပါဝင်တဲ့ မိသားစုထမင်းဝိုင်းကနေ ခွဲခွာနေရဆဲ ကျွန်တော့်ရဲ့ လက်တစ်စုံဟာ အဲဒီထမင်းဝိုင်းဆီ ပြန်မရောက်နိုင်သေးဘူး။ ငယ်စဉ်က မိသားစုထမင်းဝိုင်းမှာ မိဘတွေပေးအပ်ခဲ့တဲ့ နွေးထွေးမှုမျိုးကို ကျွန်တော့်မိသားစုကို ကျွန်တော်မပေးအပ်နိုင်သေးပါဘူး။ မိသားစုအတွက် ကျွန်တော့်ရဲ့ လက်တစ်စုံဟာ အေးစက်လို့နေဆဲပါ။ ။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အစ္စရေးသမိုင်း | ကိုကိုလေး(မြန်မာပြန်) | ဦးယဉ်ထွန်း<br>ယဉ်မျိုးစာအုပ်တိုက် |
| ၂။ | အလင်းမဲ့ငှက်များ၏ တွဲပျက်ရထား | ဇင်မင်းထက် | ဦးသိန်းလွင်<br>လင်းလွန်းခင်စာပေ |
| ၃။ | လွတ်မြောက်ရာသို့ ပျံသန်းခြင်း | အောင်မျိုးသန့် | ဦးစည်သူဝင်း<br>လမ်းသစ်စာပေ |
| ၄။ | အောင်နိုင်ခြင်း | နေခိုင်လင်း | ဦးထက်ပိုင်အောင်<br>ပန်းဆက်လမ်းစာပေ |
| ၅။ | ၁၉ရာစုနှင့် ၂၀ ရာစုအတွင်း မြန်မာနိုင်ငံရှိ အမြောက်ခံတပ်များ | နန္ဒစည်သူ | ဦးမြင့်သူ<br>Myanmar Heritage စာပေ |
| ၆။ | အဖြစ်များသောကားပြဿနာများနှင့် ဖြေရှင်းနည်းများ | မင်းသစ်ထူး(စက်မှု) | ဦးဉာဏ်အောင်<br>အလင်းသစ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## လမ်းလျှောက်ကြပါစို့

* လေပြန်လောင်း
ဟေမန်ဆောင်း ရောက်ပြန်ပြီ၊
နယ်ရှစ်ခွင် မြူတွေဆိုင်း
မှိုင်းမှုန်လို့ရီ။
နှိုးထလာ ထိုလူသား
ပျင်းအားဖြင့် မထူနိုင်ပြီ
လမ်းလျှောက်မည် အတူသွား၊
ကိုယ်ခန္ဓာ သန့်စွမ်းဖို့
လမ်းလျှောက်မယ် ရည်ရွယ်မှန်း
ကျန်းမာစေသား။

* လမ်းလျှောက်မှ ကျန်းမာ
ကုန်ကျစရာ ဘာမှမရှိ၊
တစ်နေ့မှာ တစ်နာရီလျှောက်
လုံလောက်ပြီတည့်။

* ကိုယ်ခန္ဓာ အစိတ်အပိုင်း
လှုပ်ရှားခိုင်း နေ့စဉ်သာ၊
သန့်စွမ်းကာ ကြံ့ခိုင်မှု
ကျိုးပြုစေမှာ။
လမ်းလျှောက်လို့ ပြီးချိန်ခါ
အကြောလျှော့ရာ တစ်ဆက်ထဲ(တည်း)၊
ခေါင်းခါးခြေ လက်မကျန်ရ
လှုပ်ရမည်ပဲ။

* သည်ရာသီ သည်ကာလ
လမ်းလျှောက်ကြ သူငါစုံ၊
ကိုယ်ကျန်းမာ စိတ်ချမ်းသာ...လို့
မိတ်သဟာ အသစ်တိုး
ကျိုးရှိလှပုံ။
အပြောဖြင့် မယုံ
ကိုယ်တိုင်ကြုံ ပါဝင်နွှဲ၊
လင်းအရုဏ် တစ်မိုးသောက်
လျှောက်ကြမည်ပဲ။ ။

ဘိုမျိုး(ရွှေဘို)

## ထောင်မှပြန်လွှတ်ပေးထားသည့် တပ်မတော်သားများ ကွင်းကောက်မြို့တွင် နှစ်ပတ်သင်တန်း ပြန်တက်နေရကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များရှိ အကျဉ်းထောင်များမှ လွတ်ငြိမ်းခွင့်ရရှိသည့် စစ်သားဟောင်း ၁၅၀ ကို ကွင်းကောက်မြို့ရှိ အမှတ်(၅) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ပြီး ရက်တိုသင်တန်းများ သင်ကြားပေးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် Ayeyarwaddy Times မှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကွင်းကောက်မြို့နယ်ရှိ သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ယင်းကဲ့သို့ သင်တန်းများ ပို့ချခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် တပ်မတော်အပေါ် အများပြည်သူ အထင်အမြင် လွဲမှားစေရန်ရည်ရွယ်၍ သတင်းတု၊ သတင်းမှားများကို လုပ်ကြံလိမ်လည်ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## စစ်ကိုင်းတိုင်း မုံရွာအကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်လျက်ရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် RFA မှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ အကျဉ်းထောင်တွင် ပုံမှန်အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေမဲ့ လုပ်ဆောင်ခြင်းများ ပြုလုပ်ခြင်းမရှိကြောင်း၊ ဝါဒဖြန့် ရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းမှားများကို မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံလိမ်လည်ရေးသား၍ အချိန်ကိုက် ဖြန့်ဝေရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပင်လောင်းမြို့၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀တွင် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်ရဲတပ်ဖွဲ့စု(၂၆)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ကျောက်တင်းကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ဧက ၅၀ခန့်ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီတွင် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နားသံကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၉ ဧကခန့်ကိုလည်းကောင်း၊ ထို့နောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့စု(၂၅)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ကောင်းတယံကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၈ ဧကခန့်ကိုလည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အသိနှင့်ယှဉ်သည့် အလေ့အကျင့်မှတစ်ဆင့် . . .

ဒေါက်တာ မြတ်မိုး

**လူတွေသက်တမ်းမစေ့မီ သေဆုံးကြရတဲ့အခြေအနေတွေကို လျှော့ပါးအောင် နေ့စဉ်လမ်းလျှောက်ခြင်းဆိုတဲ့ အလေ့အထကောင်းတစ်ခုက ဘယ်လိုလုပ်နိုင်ပါသလဲ။ ကျန်းမာရေးဆိုင်ရာသုတေသနပြုချက်တွေက မကြာမကြာဖော်ပြပေးနေပါတယ်။ လမ်းလျှောက်ခြင်းနဲ့ပတ်သက်တဲ့ သုတေသနတွေ့ရှိချက်တွေဟာ ယခုလိုကာလ အပတ်စဉ်လူထုအားကစားလှုပ်ရှားမှုလမ်းလျှောက်ခြင်းမှာ တွန်းအားတစ်ခုဖြစ်စေပါလိမ့်မယ်။ အသိနဲ့ယှဉ်တဲ့လှုပ်ရှားမှု၊ ပြုမူမှုမှန်သမျှဟာ အမိပ္ပာယ်မဲ့ဖြစ်မသွားပါဘူး၊ အလေ့အထမှသည် ဝါသနာ၊ ဝါသနာမှသည်ကောင်းမွန်တဲ့စရိုက်တွေအထိ ပြောင်းလဲသွားတယ်ဆိုတဲ့ခံယူချက်မျိုးဟာ မိမိအတွက်အရေးကြီးတဲ့ အသက်ရှည်ရာအနာမဲ့ကြောင်းမှာ များစွာအထောက်အကူပြုပါတယ်။**



ဒီဇင်ဘာ ၁၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့တွင် ဒီဇင်ဘာတတိယပတ် လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ကြစဉ်။ ဓာတ်ပုံ-နေမျိုးသူရိန်

### လူ့အသက်သက်တမ်းကို ဆွဲဆန့်နိုင်အောင်

လမ်းလျှောက်ခြင်းနဲ့ပတ်သက်တဲ့ တွေ့ရှိချက်အသစ်တချို့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလထုတ် “Health and wellness” internet စာမျက်နှာတစ်ခုမှာ ဖတ်မိတဲ့အခါ စိတ်ဝင်စားဖွယ်အချက်အလက်တွေကို ပိုပြီးသိလာရပါတယ်။ တစ်နေ့တစ်နေ့ ခြေလှမ်းတစ်သောင်းလောက်လျှောက်ရုံနဲ့ သင့်ရဲ့အသက်သက်တမ်းကို ဆွဲဆန့်နိုင်ပါတယ်တဲ့။ လူတိုင်းအသက်ရှည်ရှည်နေချင်တာ အလိုချင်ဆုံးပဲမဟုတ်ပါလား။ စိတ်ဝင်စားစရာ ကောင်းတာကလမ်းလျှောက်ခြင်းဖြင့် လူ့သက်တမ်းကဘယ်လိုရှည်သွားနိုင်တာလဲဆိုတဲ့အချက်၊ နေ့စဉ်ပုံမှန်လျှောက်မယ်၊ ခြေလှမ်းအကြိမ်ကို ပုံမှန်ထိန်းထားမယ်၊ ခြေလှမ်းအစိပ်အကျဲ ပုံမှန်ဖြစ်စေရမယ်၊ ဒီအချက်တွေကို အနည်းငယ်ဂရုစိုက်ပေးပြီး ပုံမှန်လှုပ်ရှားသွားလာရုံပါပဲ။

အသက်အရွယ်ရလာရင် အသင့်စောင့်နေပြီး ဒုက္ခပေးတတ်တဲ့ ရောဂါအမျိုးမျိုးရှိတတ်ပါတယ်။ ကြုံရဆုံရအများဆုံးက နှလုံးနဲ့သွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာ၊ ဆီးချိုနဲ့ dementia လို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းသတိမေ့ရောဂါတွေနဲ့ အဓိကဒီရောဂါတွေကြောင့်ပဲ သက်တမ်းမကုန်ခင် သေဆုံးရခြင်း စတဲ့ပြဿနာတွေဖြစ်ကြရတာပါ။ ဒီရောဂါတွေကြောင့် လူတွေဟာဆိုးဆိုးရွားရွား ဒုက္ခရောက်ကြရတယ်။ ငွေကုန်လူပန်းအလုပ်ပျက် ဒုက္ခိတဘဝရောက်သွားသလို ခံစားကြရပါတယ်။ ဒါကြောင့် အချိန်မီသတိပေးနှိုးဆော် ပညာပေးကျန်းမာရေးသုတတိုးပွားအောင်၊ ထိုကျန်းမာရေးအသိနဲ့နေတတ်၊ ထိုင်တတ်၊ လှုပ်ရှားတတ်အောင်နဲ့ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်တတ်အောင်၊ အသိတိုးရုံနဲ့မပြီး ဒီလိုလှုပ်ရှား ဆောင်ရွက်နိုင်မယ့် ဝန်းကျင်ကောင်းတွေ ဖန်တီးပေးနိုင်တဲ့အထိ Health promotion ဖြစ်အောင် ကြိုးစားဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

### တစ်နေ့နဲ့တစ်မိနစ် ခြေလှမ်းအရေအတွက်

နေ့စဉ်လမ်းလျှောက်တဲ့ ခြေလှမ်းအရေအတွက် frequency နဲ့ တစ်မိနစ်မှာလှမ်းတဲ့ ခြေလှမ်းအရေအတွက် intensity ဟာ ကျန်းမာရေးအတွက် ကောင်းကျိုးသက်ရောက်မှုမှာ များစွာလွှမ်းမိုးပါတယ်။ သုတေသနအများစုကတော့ တစ်နေ့ မိနစ် ၃၀၊ တစ်ပတ် မိနစ် ၁၅၀ လမ်းလျှောက်ခြင်းကို အခိုင်အမာထောက်ခံကြပါတယ်။ သို့ပေမယ့် ထိုအချိန်အတောအတွင်းမှာ ခြေလှမ်းကို ခပ်စိတ်စိတ်နဲ့ မြန်မြန်လျှောက်ပေးခြင်းက ကျန်းမာရေးကို ပိုမိုအထောက်အကူပြုတယ်လို့ ဆိုပါတယ်။ တစ်နေ့တစ်နေ့ လျှောက်တဲ့ခြေလှမ်းကို ၈၀၀၀ ကနေ ၁၀၀၀၀ အထိ လှမ်းနိုင်အောင်ကြိုးစားပေးပါ။ နေ့စဉ် ဒီနှုန်းနဲ့လျှောက်မယ်ဆိုရင် ခြေလှမ်း ၂၀၀၀ လှမ်းပြီးတိုင်းမှာ နှလုံးရောဂါ၊ ကင်ဆာရောဂါနဲ့ အချိန်မတိုင်မီ သေဆုံးမှုနှုန်းက ၁၀ ရာခိုင်နှုန်းအထိ လျှော့ကျသွားပါတယ်။ ခြေလှမ်းပေါင်း ၉၈၀၀ လောက်ပဲလှမ်းပါဦး၊ ခုန dementia မှတ်ဉာဏ်မေ့သတိလွတ်ရောဂါအန္တရာယ်ဟာ ၅၀ ရာခိုင်နှုန်းအထိ လျှော့ကျသွားတယ်လို့ ဆိုထားပါတယ်။ ဒီထက် လျှော့ကြည့်မယ်၊ တစ်နေ့ အလှမ်း ၃၈၀၀ လောက်ပဲ လျှောက်နိုင်တယ်ဆိုဦးတော့ ထိုရောဂါမျိုးဖြစ်နိုင်မှုဟာ ၂၅ ရာခိုင်နှုန်းအထိ လျှော့ကျသွားပါတယ်။ တစ်ရက်ခြေလှမ်းများများ လျှောက်တာနဲ့ နည်းနည်းလျှောက်တာတောင် မတူပါဘူး။ တစ်နေ့ခြေလှမ်း ၈၀၀၀နဲ့ ၄၀၀၀ ကို နှိုင်းယှဉ်ရာမှာ တစ်နေ့ခြေလှမ်း ၈၀၀၀ ဝန်းကျင်လျှောက်ခြင်းက အချိန်မတန်မီ သေဆုံးမှုအန္တရာယ်မှာ ပိုပြီးနည်းတယ်လို့ တွေ့ရှိထားပါတယ်။

တစ်မိနစ်ခြေလှမ်းမည်ရွေ့မည်မျှဆိုတဲ့အချက်မှာလည်း ကျန်းမာရေးအပေါ်သက်ရောက်မှု တွေ့ရှိချက်တွေ ရရှိထားပါတယ်။ တစ်မိနစ် အလှမ်း ၄၀ ထက်ပိုရင်ကို ရည်ရွယ်ချက်တစ်ခုခုကြောင့် လျှောက်နေတယ်လို့ သတ်မှတ်လို့ရပါတယ်။ နေ့စဉ်ပုံမှန်အလုပ်လုပ်ရင်း သွားရင်းလာရင်းမှာတောင် ကျန်းမာရေးအတွက်ဆိုတဲ့ အသိလေးနဲ့ ခပ်မြန်မြန်လေးလျှောက်ဖြစ်အောင် လျှောက်ပါလို့ တိုက်တွန်းပါရစေ။ တစ်မိနစ်မှာ အနည်းဆုံး အလှမ်း ၈၀ လောက် လှမ်းနိုင်ရင်ကို နှလုံးနဲ့ သွေးကြောရောဂါ၊ ကင်ဆာ၊ မှတ်ဉာဏ်ချို့ယွင်းသတိမေ့ရောဂါများနဲ့ အချိန်မတန်မီသေဆုံးခြင်းအန္တရာယ်များက လျှော့ပါးသွားပါပြီ၊ တွေ့ရှိချက်အရ တစ်မိနစ် ခြေလှမ်း ၁၁၂ လှမ်း brisk walks လှမ်းလိုက်တိုင်းမှာ အထက်ပါရောဂါများဖြစ်နိုင်ခြေမှာ ၃၈ ရာခိုင်နှုန်းအထိ လျှော့ပါးသွားတယ်လို့ တွေ့ရှိထားပါတယ်။

ထိုတွေ့ရှိချက်တွေက ကျန်းမာရေးကို တန်ဖိုးထားသူများအတွက် အလွန်အဖိုးတန်လှပါတယ်။ UK မှာ ၂၀၁၃ ကနေ ၂၀၁၅ ခုနှစ်အထိ လူပေါင်း ၇၅၀၀၀ကို သုတေသနပြုရာမှ တွေ့ရှိချက်တွေဖြစ်ခဲ့ပြီး နောင် ခုနစ်နှစ်အကြာ ပြန်လည်သုတေသနပြုရာမှာလည်း မူလတွေ့ရှိချက် ကိန်းဂဏန်းများနဲ့ နီးစပ်မှုရှိတာတွေ့ရတဲ့အတွက် မိမိကျန်းမာရေးအတွက် လမ်းလျှောက်မယ်ဆိုရင် နေ့စဉ်လုပ်ငန်းခွင်အလေ့အထနဲ့ အနီးစပ်ဆုံး၊ လက်တွေ့အကျဆုံးအခြေအနေမှာ အကိုးအကားပြုပြီး လျှောက်လှမ်းနိုင်အောင်ဖြစ်ပါတယ်။ လမ်းလျှောက်ခြင်းကြောင့် ကျန်းမာရေးကို ဘယ်လိုအထောက်အကူပြုသလဲဆိုတဲ့ သုတေသနပေါင်းများစွာကို ပညာရှင်အစဉ်အဆက်က ပြုလုပ်ခဲ့ကြပြီးဖြစ်ပါတယ်။ အားလုံးကအပြုသဘောဆောင်တဲ့တွေ့ရှိချက်ချည်းသာဖြစ်ပါတယ်။

### ဘယ်လိုအလေ့အကျင့်မျိုးလဲ

လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးများဟာ အထက်ပါတွေ့ရှိချက်များတင် မကပါဘူး။ အများအပြားရှိပါတယ်။ ဆေးပညာအရတော့ အကျိုးပြုမှုအားလုံးက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပေါ့။ အမှန်က ကျွန်တော်တို့ခန္ဓာကိုယ်ထဲကို ဝင်ဖို့ချောင်းနေတဲ့ အသံတိတ်လူသတ်သမားတွေက ရှိပြီးဖြစ်ပါတယ်။ သွေးတိုး၊ ဆီးချို ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်၊ ကင်ဆာစတဲ့ ရောဂါဆိုးကြီးတွေဟာ အသက်ကို မြန်မြန်တိုစေတဲ့ အသံတိတ်လူသတ်သမားတွေပါပဲ။

ဒါကြောင့်လည်း လမ်းလျှောက်ချင်စိတ်နဲ့ လမ်းလျှောက်ခြင်းအလေ့အထကို စိတ်ဝင်စားပေးပါ၊ ဝါသနာပါပေးပါ၊ ယဉ်ကျေးမှုတစ်ခုလို တန်ဖိုးထားပေးပါလို့ နီးစပ်သူတိုင်းကို တိုက်တွန်းရတာဖြစ်ပါတယ်။ စိတ်ဝင်စားလာအောင် ကိုယ်နဲ့ ဝါသနာတူရာမိတ်ဆွေအပေါင်းအသင်းများနဲ့ လမ်းလျှောက်အုပ်စုလေး ဖွဲ့ထားလို့ရပါတယ်။ မရှိရင်လည်း အိမ်မွေးခွေး၊ နှစ်သက်ရာသီချင်း နားထောင်ရင်း နားကြပ်ကိုလည်း အဖော်ထားနိုင်တယ်။ မနီးမဝေးလွန်း ဈေးဝယ်မယ်ဆိုရင်လည်း လမ်းလျှောက်ဖို့သာ အကြံပေးချင်တယ်။ ရုံးဝန်ထမ်း ဆိုလျှင်လည်း အိမ်နဲ့ရုံး အသွားအပြန်အလွန်မဝေးလျှင် လမ်းလျှောက်၊ ရုံးခန်းမှာ လှုပ်ရှားမှုမများ၊ အထိုင်မများဘဲ not sedentary lifestyle ရုံးတွင်း ဌာနအချင်းချင်းမေးလ်နဲ့ပို့ရမယ့်အစား လမ်းကြောင်း ရှည်ရှည်ကို တမင်တကာရွေး၊ လမ်းလျှောက်ပြီး လူကိုယ်တိုင်စာပို့၊ ကားပါကင်မှာ ကိုယ့်ကားကို ခပ်ဝေးဝေးရပ်၊ ဓာတ်လှေကားမသုံးဘဲ လှေကားအတက်အဆင်း လုပ်ကြည့် စသည်ဖြင့်ပါ ။ mini walks သဘောမျိုးပေါ့၊ ကျန်းမာရေးအတွက် စိုးရိမ် စိတ်နဲ့ကြံဖန်ပြီး အချိန်အနည်းငယ် ပေးကောင်းပေးရပေမယ့်ရလိုက်တဲ့ ကျန်းမာရေးအကျိုးအမြတ်နဲ့ဆို တန်ပါတယ်။ လိုအပ်ချက်အရ ခြေလှမ်းတိုင်းကိရိယာနာရီ Health watch လေးတွေ တပ်နိုင်လည်း ကောင်းပါတယ်။

အထူးသဖြင့် ဖြစ်နိုင်ရင် နံနက်ခင်းမှာ လမ်းလျှောက်ခြင်းက ပိုသင့်တော်မယ်ထင်ပါတယ်။ မိမိရဲ့ ရုပ်ပိုင်း စိတ်ပိုင်းခွန်အားတစ်ခုကို နံနက်စောစောအိပ်ရာထတာနဲ့ လမ်းလျှောက်ခြင်းကနေ အစပြုပေးနိုင်မယ်လို့ ယူဆပါတယ်။ အချိန်အများကြီးမယူရပါဘူး၊ နာရီဝက်လောက်ပါပဲ ပေးနိုင်ရင်တော်ပါပြီ။ ကရိကထလည်း မများပါဘူး၊ အကူပစ္စည်းလည်းမလို၊ အရင်းအနှီးလည်းမများပါဘူး။ အထက်ပါလမ်းလျှောက်ခြင်းအတွက် အလေ့အထတွေဟာ အထူးအဆန်းတွေမဟုတ်ပါဘူး။ မိမိပတ်ဝန်းကျင်မှာ အသင့်ရှိနေတဲ့ အခွင့်အလမ်းတွေပါပဲ။ ကြံဖန်စဉ်းစားဆောင်ရွက်ပြီး မိမိကိုယ်ခန္ဓာက သွားနိုင်လာနိုင်လှုပ်ရှားနိုင်တုန်း၊ ခြေတွေ၊ လက်တွေ ၊ ဒူးတွေ၊ အကြောတွေ သန်တုန်းမြန်တုန်းမှာ အခြေအနေဖန်တီးခွင့်က ကိုယ့်ဘက်မှာရှိနေတဲ့အတွက် အချိန်မနှောင်းခင် လက်တွေ့လိုက်နာဆောင်ရွက်ကြဖို့ပါ။

### အကျိုးကျေးဇူးများ

အခြားအချိန်များထက် နံနက်စောစော လမ်းလျှောက်ဖို့ကို ပညာရှင်တွေ ဘာကြောင့်ရွေးချယ်ရတာပါလဲ။ လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်ကထွက်လာတဲ့ အာရုံကြောဟော်မုန်းတစ်မျိုးဖြစ်တဲ့ အင်ဒိုဖင် (endorphins) ကြောင့်ဖြစ်ပါတယ်။ နံနက်ခင်းလမ်းလျှောက်ပြီး တစ်နေ့တာလုံး စိတ်ကြည်လင်လန်းဆန်းတက်ကြွပြီး စိတ်ဖိစီးမှုကင်းနေခြင်းဟာ အင်ဒိုဖင်ကြောင့်ပါပဲ။ ဒီဟော်မုန်းက နာကျင်မှုတစ်စုံတစ်ရာရှိရင်လည်း နာကျင်မှုကအမြန်သက်သာသွားစေပါတယ်။ ခန္ဓာကိုယ်ခုခံစွမ်းအားကိုလည်း မြင့်တက်စေတဲ့အတွက် အသက်ရှူလမ်းကြောင်းအပါအဝင် ကူးစက် ရောဂါပိုးတွေ အလွယ်တကူဝင်ရောက်ဖို့လည်း ခဲယဉ်းသွားပါတယ်။ ထို့အပြင် ခန္ဓာမှာ အီလက်ထရွန်ဆုံးရှုံးမှုကို ကာကွယ်ပေးတဲ့ အင်တီအောက်ဆီဒင့် (antioxidants) ထွက်ရှိမှုကြောင့် အရွယ် တင်နုပျိုပြီးအရေပြား ကျန်းမာရေးကို အထောက်အကူပြုကြောင်း တွေ့ရှိရပါတယ်။

*စာမျက်နှာ ၂၂ သို့*

❖ **အခြားအချိန်များထက် နံနက်စောစော လမ်းလျှောက်ဖို့ကို ပညာရှင်တွေဘာကြောင့်ရွေးချယ်ရတာပါလဲ။ လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်ကထွက်လာတဲ့ အာရုံကြောဟော်မုန်းတစ်မျိုးဖြစ်တဲ့ အင်ဒိုဖင် (endorphins) ကြောင့်ဖြစ်ပါတယ်။ နံနက်ခင်းလမ်းလျှောက်ပြီး တစ်နေ့တာလုံး စိတ်ကြည်လင်လန်းဆန်းတက်ကြွပြီး စိတ်ဖိစီးမှုကင်းနေခြင်းဟာ အင်ဒိုဖင်ကြောင့်ပါပဲ။ ဒီဟော်မုန်းက နာကျင်မှုတစ်စုံတစ်ရာရှိရင်လည်း နာကျင်မှုက အမြန်သက်သာသွားစေပါတယ်။ ခန္ဓာကိုယ်ခုခံစွမ်းအားကိုလည်း မြင့်တက်စေတဲ့အတွက် အသက်ရှူလမ်းကြောင်း အပါအဝင် ကူးစက်ရောဂါပိုးတွေ အလွယ်တကူဝင်ရောက်ဖို့လည်း ခဲယဉ်းသွားပါတယ်။ ထို့အပြင် ခန္ဓာမှာ အီလက်ထရွန်ဆုံးရှုံးမှုကို ကာကွယ်ပေးတဲ့ အင်တီအောက်ဆီဒင့် (antioxidants) ထွက်ရှိမှုကြောင့် အရွယ်တင်နုပျိုပြီး အရေပြားကျန်းမာရေးကို အထောက်အကူပြုကြောင်း တွေ့ရှိရ**

*စာမျက်နှာ ၂၀ မှ*

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်က ထွက်လာတဲ့ အခြားသော ဓာတုဟော်မုန်းတွေရှိပါသေးတယ်။ နော်အက်ပီနက်ဖရင် (norepine-phrine)၊ ဒိုပါမင်း (dopamine)၊ ဆီရိုတိုနင် (serotonin ) စတဲ့ ဓာတ်ပစ္စည်းတွေပါပဲ။ သူတို့ကြောင့် အစာစားချင်စိတ်ဖြစ်ပေါ်တယ်။ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်။ အက်ဒရီနလင် (adrenaline) ကြောင့် နှလုံးညှစ်အားကောင်း၍ သွေးညှစ်အားပါ ကောင်းလာပြီး သွေးစီးဆင်းမှုကောင်းကာ အောက်ဆီဂျင်လည်း ပိုရ၊ အဆုတ်က အားကောင်းလာတဲ့အတွက် အသက်ရှူလို့လည်းကောင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်လည်းပြည့်စုံ။ နှလုံးလည်း သန်မာ၊ အဆုတ်လည်း အားကောင်းလာပါတယ်။ သွေးလှည့်ပတ်မှု အားကောင်းလာတဲ့အခါ နှလုံးခုန်မြန်လာပြီး သွေးဖိအားလည်း လျော့ကျသွားသလို အကျိုးပြုဆီပမာဏကို တိုးစေပြီး အကျိုးမပြုဆီပမာဏကို ဖယ်ရှားပေးနိုင်တဲ့အတွက် နှလုံးသွေးကြောကျဉ်း/ ပိတ်ရောဂါနဲ့ လေဖြတ်ရောဂါအန္တရာယ် စက်ကွင်းက လွတ်မြောက်သွားနိုင်ပါစေ။ ခြေလှမ်းခပ်စိတ်စိတ်လေးနဲ့ တစ်မိနစ် ခြေလှမ်းစသည်ဖြင့် မြန်မြန်လေး လျှောက်စေလိုတဲ့သဘောက မြန်လေသွေးလည်ပတ်မှု အားကောင်းလေ ဖြစ်တာကြောင့် ဖြစ်ပါတယ်။ သွေးထဲအကျိုးပြု ဆီပမာဏတိုးလာနိုင်သလို အကျိုးမပြုဆီကို ဖယ်ရှားခြင်းဖြင့် သွေးတွင်းအဆီပမာဏကို ထိန်းထားနိုင်ပြီး နောက်ဆက်တွဲ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ လေဖြတ်ရောဂါများကိုပါ ကာကွယ်နိုင်ပါတယ်။

လမ်းလျှောက်ခြင်းရဲ့ အခြားသောအကျိုးတရားများစွာက မပြီးဆုံးသေးပါဘူး။ အရိုးအဆစ်များကို သန်မာစေပြီး အရိုးပွနှင့် အသက်ကြီးလျှင်ပေါင်ရိုးကျိုးရောဂါများမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။ နာတာရှည်လူနာများ နာလန်ထမြန်ပြီး သွေးကြောထုံး လူနာများအတွက်လည်း သင့်လျော်ကြောင်း သိရှိရပါတယ်။ လမ်းလျှောက်ခြင်းက ကယ်လ်ဆီယမ်လျော့ပါးမှုကို တားဆီးပေးပြီး အဆစ်များကြား ချောဆီကို အားဖြည့်သလိုဖြစ်စေပြီး အရိုးကို ပိုပြီးသိပ်သည်းစေတာကြောင့် ဖြစ်ပါတယ်။ ဒ့ါအပြင် ခန္ဓာကိုယ်က အဆီထုကိုဖယ်ထုတ်ပြီး အဝမလွန်အောင် ထိန်းပေးပါတယ်။ အင်ဆူလင် တုံ့ပြန်မှုကို ထိန်းညှိပေးတဲ့အတွက် ဆီးချိုအမျိုးအစား (၂) ကို ကာကွယ်ကုသရာမှာ အထောက်အကူပြုပါတယ်။ ပုံမှန်သာလျှောက်ပေးပါ၊ အစာခြေစနစ်ကို ပိုကောင်းလာစေပြီး အစာလည်းကြေ၊ နောက်ဆုံး ရင်သားကင်ဆာဖြစ်နိုင်ခြေတောင် နည်းသွားနိုင်တယ်လို့ ဆိုထားပါတယ်။

အချုပ်အားဖြင့် ယခုလို ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲများမှာ ပါဝင်လှုပ်ရှားခြင်းက အစပြုပြီး ကျန်းမာရေးအတွက် စနစ်တကျပုံမှန်လမ်းလျှောက်ခြင်းကို နေ့စဉ်မိမိဘဝနေထိုင်မှုပုံစံ life style မှာ ထပ်ဖြည့်ပေးဖို့ပါပဲ။ နေ့စဉ် တစ်နေ့ မိနစ် ၃၀အချိန်ပေးပြီး ခြေလှမ်း ၈၀၀၀ – ၁၀၀၀၀နဲ့ ခပ်စိတ်စိတ် ခပ်မြန်မြန်ခြေလှမ်းခြင်းကို အလေ့အကျင့်လုပ်ကြည့်ပါ။ အလေ့အကျင့်ကောင်းဆိုတာ အချိန်နှောင်းတယ် မရှိပါဘူး။ သို့မှသာ လူတိုင်းလိုချင်တဲ့ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ လူ့သက်တမ်းစေ့နေသွားနိုင်ရေး အဖြေဟာ မိမိထံမှာပဲရှိတယ်ဆိုတဲ့ ယုံကြည်ချက်ကို ရနိုင်ပါလိမ့်မယ်။ ဒီကမှတစ်ဆင့် အသိနဲ့ယှဉ်တဲ့ အလေ့အထကောင်း တစ်ခုဖြစ်လာမယ့် ခံယူချက်မျိုးကို မိမိဘဝအတွက် ပြောင်းလဲရယူနိုင်မှာဖြစ်ပါတယ်။ ။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ်နှင့် ဘားအံပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၂၅၀ ခန့် ဒီဇင်ဘာ ၁၆ ရက်က ဘားအံမြို့၌ ဒီဇင်ဘာတတိယပတ် လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ကြစဉ်။

စောမျိုးမင်းသိန်း

ဒီဇင်ဘာတတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၊ ပညာရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ စုစုပေါင်း အင်အား ၂၈၀၀ ခန့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

ဆန်းကျော်ဦး(ပြန်/ဆက်)





ဒီဇင်ဘာတတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ချင်းပြည်နယ် ဟားခါးမြို့၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် နိုင်ဝင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချို၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၅၀၀ ခန့် ပျော်ရွှင်စွာ လမ်းလျှောက်ပါဝင်ဆင်နွှဲကြစဉ်။

ခရိုင်(ပြန်/ဆက်)

# ဝါးဆောက်လုပ်ရေးပညာရှင်များ ပေါ်ထွက်လာရန်အတွက် အခမဲ့သင်တန်းကို ပထမဆုံးအကြိမ်ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

လက်ရှိတွင်အသုံးများလာသည့် ဝါးနှင့်ပတ်သက်၍ ဝါးဆောက်လုပ်ရေးပညာရှင်များ ပေါ်ထွက်လာရန်အတွက် အခမဲ့သင်တန်းကို ပထမဆုံးအကြိမ်ဖွင့်မည်ဖြစ်ကာ သင်တန်းတည်နေရာမှာ ပဲခူးမြို့၌ ဖြစ်သည်။

အဆိုပါ သင်တန်းကို အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုအတတ်ပညာ ဖွံ့ဖြိုးမှုအစီအစဉ် (VSDP) နှင့် Housing Now တို့ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ကာ "ဝါးအသုံးပြု ဆောက်လုပ်ရေးသင်တန်း" ဟု အမည်ရပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

"ဝါးအသုံးပြုမှုများလာရင် တစ်ဖက်မှာတခြားနိုင်ငံကနေ တင်သွင်းနေရတဲ့ ကုန်ကြမ်းပစ္စည်းတွေ လျှော့ချနိုင်မယ်။ အဲဒီအပိုင်းတွေမှာ တိုင်းပြည်အတွက် ကောင်းကျိုးပြုမယ်။ နောက်ပြီးသင်တန်းသားတွေအလုပ်အကိုင်ရှိလာမယ်။ သူတို့မိသားစုတွေလည်း ပိုပြီးတော့ပြေလည်လာမယ်" ဟု ဝါးအသုံးပြု ဆောက်လုပ်ရေးသင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဝါးအသုံးပြု ဆောက်လုပ်ရေးသင်တန်းတွင် သင်တန်းသား ၂၀ လက်ခံမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်နှစ်သတ်မှတ်ထားပြီး တက်ရောက်မည့်သင်တန်းသားများအနေဖြင့် သင်တန်းကြေးပေးစရာမလိုသည့်အပြင် သင်တန်းသားများ၏ စားရေး၊ နေရေးအပြင် လစာလည်းပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကတော့ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့က ပထမဆုံးပါ။ သင်တန်းမှာ သင်တန်းကာလ တစ်နှစ်သတ်မှတ်ထားတယ်" ဟု အထက်ပါ တာဝန်ရှိသူက ဆိုသည်။ ထို့ပြင် ဝါးနှင့် ပတ်သက်သော ထုတ်ကုန်ဈေးကွက် အခြေအနေနှင့် ပတ်သက်၍ လူကြိုက်များသည့် ပစ္စည်းဖြစ်သဖြင့် ဈေးနှုန်းကြီးမြင့်သော်လည်း အသုံးပြုမှုတိုးတက်လာကြောင်း သိရသည်။

"ကျွန်တော်ကတော့ တက်ပါလို့ အကြံပေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရပ်တစ်ခုအနေနဲ့ သင်ယူလေ့လာလို့ရမယ်။ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ဒီအပေါ်မှာ ပညာရှင်တွေများအောင် စိတ်ရောကိုယ်ပါနှစ်ပြီး သင်ပေးမှာ ဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

အပတ်စဉ် (၁) လျှောက်ထားမည့်သင်တန်းသားများအနေဖြင့် အသက် ၁၇ နှစ် မှ ၃၅ နှစ်အတွင်းဖြစ်ရမည်ဖြစ်ပြီး အခြေခံပညာအရည်အချင်း အလယ်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်ဖြစ်ကာ လက်မှုပညာကိုဝါသနာပါ၍ ဝါးအသုံးပြုဆောက်လုပ်ရေးပိုင်းဆိုင်ရာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

**သစ်တော်**

**Premier League Game Week 17**

ဒီဇင်ဘာ ၁၇ ရက် ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှာ လီဗာပူး နဲ့ မန်ယူ၊ အာဆင်နယ်နဲ့ ဘရိုက်တန်အသင်းတို့ ဆုံတွေ့တဲ့ပွဲစဉ်တွေ ပါဝင်နေပါတယ်။ ဒါကြောင့် ဘယ် အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။



# အန်းဖီးလ်မှာ လီဗာပူးအသင်းကို မန်ယူအသင်း အသာရဖွယ်မရှိ

## ဝက်စ်ဟမ်း Vs ဝုဖ်

**ဝက်စ်ဟမ်းနဲ့ ဝုဖ်အသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| တနင်္ဂနွေနေ့ | ည – ၈း၃၀ | London Stadium | |
|---|---|---|---|
| ဝုဖ် | ၁ – ၀ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၂ – ၀ | ဝုဖ် | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၁ – ၀ | ဝုဖ် | ပရီမီယာလိဂ် |

ဝုဖ်အသင်းထက် ဝက်စ်ဟမ်းအသင်းက ခြေစွမ်းသာလွန်မှုရှိတယ်။ ဒီပွဲပြီးရင် ဝက်စ်ဟမ်းက လီဗာပူး၊ ဝုဖ်က ချယ်ဆီးနဲ့ ကစားရဖို့ ရှိတယ်။ ဒါကြောင့် ဒီပွဲမှာ နှစ်သင်းစလုံး မဖြစ်မနေနိုင်ပွဲရရှိဖို့ ခြေကုန်ထုတ်လာကြမှာ သေချာတယ်။ သို့သော်လည်း ဝုဖ်အသင်းထက် ဝက်စ်ဟမ်းအသင်း အသာရဖွယ်ရှိတယ်။

## အာဆင်နယ် Vs ဘရိုက်တန်

**အာဆင်နယ်နဲ့ဘရိုက်တန်အသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| တနင်္ဂနွေနေ့ | ည – ၈း၃၀ | Emirates Stadium | |
|---|---|---|---|
| အာဆင်နယ် | ၀ – ၃ | ဘရိုက်တန် | ပရီမီယာလိဂ် |
| ဘရိုက်တန် | ၂ – ၄ | အာဆင်နယ် | ပရီမီယာလိဂ် |
| အာဆင်နယ် | ၁ – ၃ | ဘရိုက်တန် | ပရီမီယာလိဂ် |

အာဆင်နယ်က အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရဖို့ အမှားခံလို့ မရတာကြောင့် ဘရိုက်တန်ကို နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာပါ။ ဘရိုက်တန်ကလည်း ကစားဟန် မာကျောကျစ်လျစ်မှုရှိတာကြောင့် အာဆင်နယ်အသင်း ခက်ခက်ခဲခဲကစားရဖွယ်ရှိတယ်။ အိမ်ကွင်းမှာ အာဆင်နယ် အသာရဖွယ်ရှိတယ်။

## ဘရန့်ဖို့ဒ် Vs အက်စ်တွန်ဗီလာ

**ဘရန့်ဖို့ဒ်နှင့် ဗီလာအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| တနင်္ဂနွေနေ့ | ည – ၈း၃၀ | Gtech Community Stadium | |
|---|---|---|---|
| ဗီလာ | ၃ – ၃ | ဘရန့်ဖို့ဒ် | ပရီမီယာလိဂ် |
| ဘရန့်ဖို့ဒ် | ၁ – ၁ | ဗီလာ | ပရီမီယာလိဂ် |
| ဗီလာ | ၄ – ၀ | ဘရန့်ဖို့ဒ် | ပရီမီယာလိဂ် |

ဗီလာရဲ့ ခြေစွမ်းက ဒီရာသီမှာ အကောင်းဆုံးပုံစံမှာရှိနေတယ်။ ဘရန့်ဖို့ဒ်က ခြေစွမ်းတည်ငြိမ်မှု မရှိသေးဘူး။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရထားပြီး လေးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဘရန့်ဖို့ဒ်အသင်းထက် တိုက်စစ်ထက်မြက်ပြီး ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ဗီလာအသင်း နိုင်ဖွယ်ရာရှိတယ်။

## လီဗာပူး Vs မန်ယူ

**လီဗာပူးနဲ့ မန်ယူအသင်း ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်**

| တနင်္ဂနွေနေ့ | ည – ၁၁း၀၀ | Anfield | |
|---|---|---|---|
| လီဗာပူး | ၇ – ၀ | မန်ယူ | ပရီမီယာလိဂ် |
| မန်ယူ | ၂ – ၁ | လီဗာပူး | ပရီမီယာလိဂ် |
| လီဗာပူး | ၀ – ၄ | မန်ယူ | ပရီမီယာလိဂ် |

အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဆက်လက်ဦးဆောင်နိုင်ဖို့ ကြိုးစားလာမယ့် လီဗာပူးကို မန်ယူအသင်း ယှဉ်နိုင်ဖွယ်မရှိဘူး။ မန်ယူမှာ ဒဏ်ရာရ ကစားသမားတွေများတဲ့အပြင် ဂိုးသမားအိုနာနာကလည်း ပွဲတိုင်းနီးပါး ဂိုးတွေခွင့်ပြုပေးနေရတာကြောင့် အန်းဖီးလ်မှာ မန်ယူနိုင်ဖွယ်ရာ မရှိဘူး။

# ပရီမီယာလိဂ်၏ ပထမဆုံးအမျိုးသမီးဒိုင်လူကြီး ရေဘက္ကာဝဲလ်ချ် ဖြစ်လာမည်

ရေဘက္ကာဝဲလ်ချ်သည် ဒီဇင်ဘာ ၂၃ ရက်တွင် ဖူလ်ဟမ်နှင့် ဘန်လေအသင်းပွဲစဉ်ကို တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သောကြောင့် ပရီမီယာလိဂ်တွင် ပထမဆုံးအမျိုးသမီးဒိုင်လူကြီး ဖြစ်လာတော့မည် ဖြစ်သည်။

အသက် ၄၀ အရွယ် ဝဲလ်ချ်သည် ၂၀၁၀ ပြည့်နှစ်တွင် ဒိုင်လူကြီးဘဝကို စတင်ခဲ့သူဖြစ်ပြီး ဇန်နဝါရီလတွင် အမျိုးသားချန်ပီယံလိဂ်ပြိုင်ပွဲ၌ တာဝန်ယူကိုင်တွယ်ခဲ့သည့် ပထမဆုံးအမျိုးသမီး ဒိုင်လူကြီး ဖြစ်လာခဲ့သည်။

ထို့အပြင် ဆမ်အလစ်ဆင်သည်လည်း ဒီဇင်ဘာလတွင် ဒိုင်လူကြီးအဖြစ် တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည့်အတွက် နှစ်ပေါင်း ၁၅ နှစ်အတွင်း ပရီမီယာလိဂ်၌ ပထမဆုံးလူမည်းဒိုင်လူကြီး ဖြစ်လာဖွယ်ရှိနေသည်။ ၎င်းသည် ဒီဇင်ဘာ ၂၆ ရက်၌ ရှက်ဖီးလ်နှင့် လူတန်အသင်းပွဲစဉ်ကို တာဝန်ယူကြီးကြပ်သွားမည် ဖြစ်သည်။



ခရစ္စမတ်ကာလအတွင်း ပရီမီယာလိဂ်ပွဲစဉ်များကို တာဝန်ယူကိုင်တွယ်သွားမည့် ဝဲလ်ချ်နှင့် အလစ်ဆင်။

# ယူရိုပါလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်တွင် ယူနီယံစိန့်ဂီလ်လော့စ်ကို လီဗာပူးအသင်း ရှုံးနိမ့်

ယူရိုပါလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်မှ ဘဲလ်ဂျီယံကလပ် ယူနီယံစိန့်ဂီလ်လော့စ်နှင့် လီဗာပူးအသင်းပွဲစဉ်ကို ဒီဇင်ဘာ ၁၅ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ယူနီယံစိန့်ဂီလ်လော့စ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရမှတ်လိုအပ်ချက်မရှိတော့သည့် လီဗာပူးအသင်းသည် ယခုပွဲစဉ်တွင် အသင်းအဓိက ကစားသမားအများစုကို အနားပေးထားပြီး လူငယ်ကစားသမားအများအပြားဖြင့် ပွဲထွက်လာခဲ့သည်။

ယူနီယံစိန့်ဂီလ်လော့စ်အသင်းက လီဗာပူးအသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး နိုင်ပွဲဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ယူနီယံစိန့်ဂီလ်လော့စ်အသင်းအတွက် သွင်းဂိုးများကို အေမော်ရာနှင့် ပွာတက်စ်တို့က သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးကို ကွန်ဆာက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၁၂ မှတ်နှင့်အတူ အုပ်စု ပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

■ မိုးဇက် – စုစည်းသည်



စပါးတိုက်စစ်ကစားသမား ရစ်ချတ်လီဆန် နော့တင်ဟမ်ဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

# ပရီမီယာလိဂ်ပွဲစဉ် (၁၇) စပါးနှင့် ချယ်ဆီး အနိုင်ရပြီး မန်စီးတီး သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ဒီဇင်ဘာ ၁၆ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် နော့တင်ဟမ်ဖောရက်စ်နှင့် စပါးအသင်းပွဲစဉ်တွင် စပါးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

**တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်**

အဆိုပါ ပွဲစဉ်၌ ပွဲချိန် ၅၈ မိနစ်တွင် နော့တင်ဟမ်အသင်းအတွက် အီလန်ဂါ၏ သွင်းဂိုးနှင့် ပွဲချိန် ၆၉ မိနစ်တွင် စပါးအသင်းအတွက် ဘစ်ဆော်မာ၏ သွင်းဂိုးများကို ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည်။ ထို့အပြင် ဘစ်ဆော်မာ ကိုလည်း မိနစ် ၇၀ တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့သည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

စပါးအသင်းအတွက် သွင်းဂိုးများကို ရစ်ချတ်လီဆန်နှင့် ကလူဆက်စကီးတို့က ပွဲချိန် ၄၅ မိနစ်နှင့် ၆၅ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နော့တင်ဟမ်အသင်းသည် ပရီမီယာလိဂ်တွင် ရှုံးပွဲ ကိုးပွဲအထိ ရှိလာပြီဖြစ်ကာ တန်းဆင်းဇုန်အသင်းနှင့်လည်း ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီ ဖြစ်သည်။

**မန်စီးတီးနှင့် ပဲလေ့စ် သရေကျ**

ဒီဇင်ဘာ ၁၆ ရက် ည ၉ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ရှက်ဖီးလ် တို့ပွဲတွင် ချယ်ဆီးက နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရသည်။ မန်စီးတီးတို့ အိမ်ကွင်း၌ ပဲလေ့စ်ကို နှစ်ဂိုးစီ သရေကျခဲ့သည်။ နယူးကာဆယ်က တစ်ယောက်လျော့ ဖူလ်ဟမ်ကို သုံးဂိုး – ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

အောင်ဇော်

# ဒွါဒသမတန်း Grade-12 စာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

သန်လျင်ခရိုင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း Grade-12 စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သန်လျင်မြို့ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲဖွင့်ပွဲသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ) ဒေါ်ခင်သန်းဦးနှင့် တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ သန်လျင်ခရိုင် ပညာရေးမှူး ဦးဘသန်းနှင့် ခရိုင်အတွင်းရှိမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အထက်တန်းပြ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ပညာ)ဒေါ်ခင်သန်းဦးတို့က ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ဒွါဒသမတန်း Grade-12 စာမေးပွဲအောင်ချက်မြင့်မားရေးနှင့် စပ်လျဉ်း၍ အမှာစကားများ ပြောကြားသည်။

အဆိုပါ ဒွါဒသမတန်း Grade-12 စာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ အထက်တန်းပြ ဆရာ ဆရာမ ၄၇၁ ဦးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3P/7059, TOYOTA HIACE FTRH214 MINI BUS (4 x 2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဦး ၁၂/မဂဒ(နိုင်)၀၄၁၅၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**






**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)**
**ပခုက္ကူခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂**

ဒေါ်တင်တင်ဦး နှင့်
၁။ ဒေါ်ကျင်ခွမ် (ခ)ဒေါ်လှလှအေး
၂။ ဒေါ်ကင်လျှန်(ခ)ဒေါ်တင်တင်ညို
၃။ ဒေါ်ဟင်(ခ)ဒေါ်အေးအေးသန်း
၄။ ဒေါ်တီ (ခ)ဒေါ်အေးအေးငြိမ်း
၅။ ဒေါ်ထွေးထွေး
၆။ ဒေါ်အေးအေးမာ
၇။ မသွဲ့စန္ဒီသိန်းထွန်း
၈။ ဦးကျော်အောင်မိုး
၉။ ဒေါ်တင်မိုးဖြူ
၁၀။ ဒေါ်ပပဝင်း
၁၁။ ဦးအောင်ဇေယျာထွန်း
၁၂။ ဒေါ်သိမ့်သိမ့်ထွေး

တရားလို တရားပြိုင်များ

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသော ၁။ ဒေါ်ကျင်ခွမ်(ခ) ဒေါ်လှလှအေး၊ ရွှေဝါလမ်း (စော်ဘွားကြီးကုန်းပွဲရုံဝန်း) အမှတ်-၈/၆ (ခ/ဂ)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၄။ ဒေါ်တီ(ခ) ဒေါ်အေးအေးငြိမ်း၊ ရွှေဝါလမ်း (စော်ဘွားကြီးကုန်းပွဲရုံဝန်း) အမှတ်-၈/၆ (၁/ဂ)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊၅။ ဒေါ်ထွေးထွေး၊ ဦးဖီးလမ်း၊၃-လွှာ (A)၊ အမှတ်(၁၅)၊ စမ်း/တောင်ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၈။ ဦးအောင်ကျော်မိုး၊ ရွှေဝါလမ်း (စော်ဘွားကြီးကုန်းပွဲရုံဝန်း) အမှတ်-၈/၆ (ခ/ဂ)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခုနေရပ် လိပ်စာမသိ) သူတို့ သိစေရမည်။

